ကတညုတာ ဇတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၆၀)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာယန်း၊ မစရဲလ်လာကွမ်ဘ်သည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ လာရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

### တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာယန်း၊ မစရဲလ်လာကွမ်ဘ်က ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ လာရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (ယာပုံ)နှင့် လက်ခံတွေ့ဆုံစဉ်။ (အောက်ပုံ)**

**(သတင်းစဉ်)**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အယ်လ်ဘေးနီးယားလွတ်မြောက်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဖရက်မွိုင်စီယူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)





**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

# လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ကြိုးပမ်း ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်နယ်၊ တိုင်း နယ်မြေဒေသအားလုံး အကြားအလပ်မရှိ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသည်။

ချင်းပြည်နယ်သည် ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းသော်လည်းကောင်း၊ မြို့အချင်းချင်းသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ပေးနေသည်။

တီးတိန်–တွန်းဇံ–ကျီခါးလမ်း၊ ရိဒ်–တီးတိန်လမ်း၊ဖလမ်း–တီးတိန်လမ်း၊ ဖလမ်း–ဟားခါးလမ်းများ အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်တွင်း လမ်းများပြုပြင်ထိန်းသိမ်းရေး၊ အဆင့်မြှင့်တင်ရေးတို့အတွက် နှစ်စဉ်ဘဏ္ဍာငွေ အမြောက်အမြား ကျခံသုံးစွဲ ဆောင်ရွက်ပေးလျက် ရှိသည်။

အလားတူပင် ချင်းပြည်နယ်၏ ရေမြေသဘာဝအရ လယ်စပါး စိုက်ပျိုးနိုင်ခြင်းမရှိသဖြင့် ဒေသနှင့်ကိုက်ညီသည့် ကုန်းမြင့်လယ်ယာစပါးစိုက်ပျိုးမှုကို တဖြည်းဖြည်းချင်း တိုးချဲ့စီမံပေးလျက် ရှိသည်။

ထို့အတူပင် ချင်းပြည်နယ်၌ သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းခြင်းမရှိသဖြင့် ရေမြေသဘာဝနှင့်ကိုက်ညီပြီး အဖြစ်ထွန်းနိုင်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်မည့် လက်ဖက်စိုက်ပျိုးရေးကို နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီအားပေးဆောင်ရွက်နေသည်။

မွေးမြူရေးကဏ္ဍတွင်လည်း ဒေသနှင့်ကိုက်ညီပြီး စီးပွားရေးအဖြစ်ထွန်းနိုင်ဆုံးဖြစ်သည့် နွားနောက်မွေးမြူရေး ဖြစ်ထွန်းစေရန် နိုင်ငံတော်အစိုးရက အားပေးပံ့ပိုး ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုဝင်ဘာလ ၂၅ ရက်က ချင်းပြည်နယ် ဖလမ်းမြို့ သူနာပြု သင်တန်းကျောင်း သဇင်ဆောင်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေးနှင့်ကျန်းမာရေးစသည့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

**"တိုင်းရင်းသား စည်းလုံး ညီညွတ်မှုပြိုကွဲခဲ့သဖြင့် ကိုလိုနီနယ်ချဲ့၏ ကျွန်ဘဝတွင် နှစ်ပေါင်းတစ်ရာကျော်နေထိုင်ခဲ့ရရာ တိုင်းပြည် တိုးတက်မှုမရှိသည့်အပြင် မိမိနိုင်ငံ၏ သယံဇာတ အဆီအနှစ်များ ထုတ်ယူသွားခြင်းသာ ခံခဲ့ကြရကြောင်း၊ နိုင်ငံတော်လွတ်လပ်ရေးရပြန်တော့လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပျက်ပြားခဲ့ရပြီး ပဋိပက္ခအဖုံဖုံဖြင့် တိုင်းပြည် မထူထောင်နိုင်သည့်အပြင် ဆုတ်ယုတ်မှုများဖြင့်သာ ကြုံတွေ့ခဲ့ရကြောင်း"**

ပြောကြားသွားသည်။

ချင်းပြည်နယ်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်း နေစေရန်လည်း လိုအပ်သည်။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ကြီးလေးလှသော တာဝန်ကြီးကို မယူမဖြစ်၍ ရယူခဲ့ရသည့်အခါတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းရေး၊ နိုင်ငံတော်ငြိမ်းချမ်းသာယာရေး ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် အဘက်ဘက်က ခေတ်နောက်ကျနေခဲ့သော တိုင်းပြည်ကို ပြန်လည်ထူထောင်ရသည့် တာဝန်ကြီးကို ထမ်းရွက်ခဲ့ရသည်။

နိုင်ငံတော်အတွင်း လက်နက်ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်းပြီး တိုင်းပြည်ငြိမ်းချမ်းသာယာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်း ပြည်ပ ပယောဂများနှင့် လက်နက်ကိုင်ဆန့်ကျင်မှု အနည်းအကျဉ်း ကျန်ရှိနေသေးခြင်းကြောင့် တည်ငြိမ်အေးချမ်းမှု နှောင့်နှေးခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း နှေးကွေးခဲ့ရသည်။

ယခင် ပါလီမန်ခေတ်ကာလက စတင်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ခြင်းကြောင့် ပြည်ထောင်စုကြီးအတွင်း ပြဿနာပေါင်းစုံ ရင်ဆိုင်ခဲ့ရသည့် သင်ခန်းစာများလည်း ရှိထားပြီးဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲအောင် နည်းလမ်းပေါင်းစုံဖြင့် သွေးခွဲဖန်တီးနေသည့် ဘေးပယောဂများကို နားမယောင်ကြရန် လိုသည်။ ပြည်ထောင်စုကြီး ချည့်နဲ့ပြိုကွဲရေးအတွက် မကောင်းသည့် ရည်ရွယ်ချက်ဖြင့် သွေးခွဲသပ်လျှိုနေသည်ကို တိုင်းရင်းသားများအားလုံးက အရင်းခံအတိုင်း နားလည်သဘောပေါက်ကြရမည် ဖြစ်သည်။

သွေးချင်းသားရင်း မဟုတ်သူများကိုအားကိုးလျှင် သူ့ကျွန်ဘဝ ပြန်ရောက်ရန်ဖြစ်သကဲ့သို့ သွယ်ဝိုက်သောအားဖြင့် ဩဇာလွှမ်းမိုးမှုအောက် ရောက်ရှိသွားလျှင်လည်း သူ့ကျွန်ဘဝရောက်သည်နှင့် အတူတူပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက ဘေးပယောဂပူးကပ်သွေးခွဲမှုများကိုသိမြင်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို အခြေခံလျက်ကြိုးပမ်းသွားကြရန်နှင့် ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းပရိက္ခရာ ဆိုင်သစ်ဖွင့်ပွဲ နှင့်အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

**သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာတိုက် ဆိုင်ကြီးဆိုင်သစ်ဖွင့်ပွဲနှင့် တောင်တန်းဒေသနှင့် နယ်စပ်ဒေသ သာသနာပြုလုပ်ငန်းများအတွက် သာသနာရေးဝန်ကြီးဌာနသို့ အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက အဆိုပါဆိုင်သစ်တည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၁၅၆ ရွှေဂုံတိုင်လမ်းမကြီး၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ချီးမြှင့်သည်။**

ရှေးဦးစွာ ဆိုင်သစ်ကို သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာတိုက် ဆိုင်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဆိုင်သစ်ကြီးအတွင်း ဗုဒ္ဓရုပ်ပွားတော် ရုပ်တုအမျိုးမျိုး၊ ဝိနည်းတော်နှင့် အညီချုပ်လုပ်ထားသော ဝါဆို၊ ကထိန်၊ ရှင်ပြု၊ ရဟန်းခံတို့အတွက် အင်းလေးကြာ (အစစ်)နှင့် ဘုရားရွှေကြာ သင်္ကန်းအမျိုးမျိုး၊ ရှင်လောင်း၊ နားသ၊ ယောဂီ၊ သီလရှင်နှင့် ဖိုးသူတော်ဝတ်စုံအမျိုးမျိုး၊ ပရိက္ခရာမျိုးစုံ၊ ဘုရားပလ္လင်များနှင့် တရားဟောပလ္လင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အလှူရှင်မိသားစုက အလှူငွေပေးအပ်လှူဒါန်းရာ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**(သတင်းစဉ်)**



**နိုဝင်ဘာ၂၇ရက်က စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပခုက္ကူ ဦးအုံးဖေ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**



## မော်လမြိုင်တက္ကသိုလ် ရွှေရတုမဂ္ဂဇင်းထုတ်ဝေ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မော်လမြိုင်တက္ကသိုလ် ရွှေရတုမဂ္ဂဇင်းကို ရွှေရတုတွင် မှတ်တမ်းတင်ခြင်း၊ မော်လမြိုင်တက္ကသိုလ်၏ ပွဲကိုင်ရှင်များ၊ ရွှေရတုကာလမှသည် ငွေရတုသို့ အလွမ်းပြေစသည့် ဆောင်းပါးများ၊ ကဗျာ၊ စာညွှန့်၊ ဝတ္ထုများ၊ တက္ကသိုလ်၏ သမိုင်းမှတ်တမ်း ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် မော်လမြိုင်တက္ကသိုလ်က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ) (က–ပ)**

## တိုင်းရင်းဆေးညီလာခံနှင့်ဆေးပစ္စည်းပြပွဲအကြို တိုင်းရင်းဆေးအမျိုးအစားသစ်ထပ်မံထုတ်လုပ်

**ရန်ကုန် နိုဝင်ဘာ ၂၈**

တတိယအကြိမ် တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပစ္စည်းပြပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့ မြန်မာတိုင်းရင်းဆေးသမားတော်ကြီး ဦးအောင်သန်း၏ စံပေးစေတနာမွန် ဆေးဝါးထုတ်လုပ်ရေး ဝါဇီကရဏဆေးတိုက်က စံပေး ပိန်ဆေး တိုင်းရင်းဆေးအမျိုးအစားသစ်ကို ထပ်မံထုတ်လုပ်လိုက်ပြီဖြစ်သည်။

အဆိုပါ စံပေးပိန်ဆေးကို သံပရာသီး အရည်ညှစ်၍ ပြုလုပ်ထားသည့်အတွက် အနည်းငယ်ချဉ်သော အရသာရှိပြီး အစာကြေဆေးများကဲ့သို့ စားသောက်ကောင်းစေပြီး အစားမပျက် အားမပြတ်ဘဲ ခန္ဓာကိုယ်ကို ပေါ့ပါးသွက်လက်စေကြောင်း သိရသည်။

ယင်းပိန်ဆေးနမူနာများကိုရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် နယ်မြို့များရှိ တိုင်းရင်းဆေးဖြန့်ချိရေးဆိုင်များ၌ လက်ဆောင်ရယူနိုင်သည်။ ဝါဇီကရဏဆေးတိုက်အနေဖြင့် ပိန်သူဝ၍ ညောင်းညာမှုပျောက်ကင်းစေသည့်ဝါဇီကရဏအားတိုးဆေး၊ အမျိုးသမီး ရောဂါများကို ပျောက်ကင်းစေသည့် လုံမကျန်းမာရေးသုခဆေးနှင့် သွေးတိုးလေငန်းဝေဒနာရှင်များအတွက်စေတနာမွန်သွေးတိုးကျဆေးတို့ကိုလည်း ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိသည်။

**(က–ပ)**

## အိမ်မဲအထကအာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၈**

(၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် အိမ်မဲအထက ရွှေညီလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားဆရာ ဆရာမများ အပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများလည်း ကိုယ်တိုင်တက်ရောက်ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က တိုက်တွန်းနှိုးဆော်ထားသည်။ အပူဇော်ခံ ဆရာဆရာမများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေကြွရောက်ကြရန်နှင့် ပူဇော်ပွဲ တက်ရောက်မည့်သူများအတွက် မော်တော်ယာဉ်ကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၈ နာရီတွင် သခင်မြပန်းခြံ ဝက်စတင်း ပတ်ရှေ့၌ စီစဉ်ထားကြောင်း သိရသည်။

**(က–ပ)**

# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

## တောင်စွန်းဓမ္မဒူတဆရာတော် ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ တောင်စွန်း ဓမ္မဒူတဆရာတော်ကြီး ဘဝနတ်ထံ စံလွန်တော်မူသော ခြောက်နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကို နိုဝင်ဘာ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**



**နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံထိပ်သီးအစည်းအဝေးမှ အတည်ပြုခဲ့သည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအတွက် ရှင်းလင်းတင်ပြစဉ်။** **(သတင်းစဉ်)**

✱ *မဟာဗျူဟာမှ*

ရှေ့ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာချမှတ်ရေး ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း။

### နှစ်ထောင်းအားရ

အစည်းအဝေးတက်ရောက်ခဲ့ကြသည့် ကမ္ဘောဒီးယား၊လာအို၊ထိုင်း သုံးနိုင်ငံဝန်ကြီးချုပ်များကလည်း ဤအစည်းအဝေးကို အခက်အခဲ တစ်စုံတစ်ရာမရှိဘဲ ချောချောမောမော အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကို ချီးကျူးစကားပြောကြားသွားကြသလို မြန်မာနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှုကိုလည်း အလွန်နှစ်ထောင်းအားရဖြစ်ကြရကြောင်းနှင့် ကျေးဇူးတင်စကား ပြောကြားသွားကြကြောင်း။

ထို့အတူ မြန်မာနိုင်ငံ၏ ပထမဦးဆုံး မင်းနေပြည်ဖြစ်ခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် အံ့မခန်းဂုဏ်ယူဖွယ်ရာဖြစ်သည့် ပုဂံမြို့ကို လာရောက်လည်ပတ်ခဲ့ကြသည့်အတွက်ကိုလည်း ကြုံတောင့်ကြုံခဲ့ အခွင့်အရေးတစ်ရပ်လို ရှုမြင်ကြပြီး ကြည်နူးဝမ်းမြောက်ကြရကြောင်းကိုလည်း ဝန်ကြီးချုပ်သုံးဦးစလုံးက ပြောကြားသွားကြကြောင်း။

ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန်အစီအစဉ်ကို ထိုင်းနိုင်ငံဝန်ကြီးချုပ်က စတင်အဆိုပြုခဲ့ခြင်းဖြစ်ပြီး ကျန်သုံးနိုင်ငံစလုံးက တညီတညွတ်တည်း လိုလားစွာပူးပေါင်းဆောင်ရွက်ကြသဖြင့် ယခုလို လေးနိုင်ငံထိပ်သီးအစည်းအဝေးကို ချောမောအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

### သမိုင်းတင်သည့်အစည်းအဝေး

ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်းလေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာချမှတ်ရေး ထိပ်သီးအစည်းအဝေးမှာလည်း လေးနိုင်ငံခေါင်းဆောင်များအကြား ပထမဦးဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်သည့်အတွက် သမိုင်းတင်သည့်အစည်းအဝေးဟု ဆိုနိုင်ကြောင်း။

ထိပ်သီးအစည်းအဝေး လက်ခံကျင်းပသည့် မြန်မာနိုင်ငံအနေဖြင့်လည်း ယခုလိုအရေးကြီးသည့် နိုင်ငံတကာအစည်းအဝေးတစ်ရပ်ကို မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်းဖြစ်သောကြောင့်လည်းကောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ အဓိကသမိုင်းဝင်မြို့တော်ဖြစ်သော မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံမြို့တွင် အောင်မြင်စွာကျင်းပနိုင်ခြင်းဖြစ်သည့်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအဖို့ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခုအဖြစ် မှတ်တမ်းတင်ရမှာဖြစ်ကြောင်း။

ထို့အတူ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်အစမ်းလေ့ကျင့်သည့် သဘောဆောင်သဖြင့် အာဆီယံထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ကိုလည်း အတွေ့အကြုံကောင်းများရရှိသည့် အစည်းအဝေးလည်းဖြစ်ကြောင်း။

ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာမှာပါရှိသည့် ရှေ့လုပ်ငန်းစဉ်များသည် များပြားပြီး လေးနိုင်ငံစလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်း များပါသကဲ့သို့ နှစ်နိုင်ငံချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများလည်း ပါဝင်လျက်ရှိသဖြင့် လေးနိုင်ငံစလုံးက စိတ်ပါလက်ပါဖြင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား သုံးနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ယခုထက်ပိုမိုလျင်မြန်စွာ မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း။

ဤလေးနိုင်ငံ ထိပ်သီးအစည်းအဝေးကြောင့် သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမက အာဆီယံအသင်းကြီးအတွက်လည်း အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

### လက်တွေ့အကျိုးခံစား

မဟာဗျူဟာမှာပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် နယ်စပ်ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးထားခြင်းကြောင့် လေးနိုင်ငံနယ်စပ်နေ ပြည်သူများအတွက် လက်တွေ့အကျိုးခံစားမှုများ ရရှိမှာဖြစ်ကြောင်း။

နယ်စပ်ဒေသတစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လေးနိုင်ငံစလုံးက မျှော်မှန်းထားသည့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောသော နယ်စပ်ဒေသများ ဖြစ်ပေါ်လာရေးရည်မှန်းချက်ကို အထောက်အကူပြုမှာဖြစ်ကြောင်း။

သက်ဆိုင်ရာနိုင်ငံများအကြား ပေါ်ပေါက်တတ်သည့် နယ်စပ်ပြဿနာများလည်း လျော့နည်းသွားမှာဖြစ်ပြီး လေးနိုင်ငံပြည်သူများအကြား ယုံကြည်စိတ်ချမှုနှင့်နားလည်မှုများ ပိုမိုဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

Plan of Actionကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဗဟိုက ဦးစီးဆောင်ရွက်ပေးမည့် ဦးဆောင်ကော်မတီနှင့် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီကိုးခု ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ကော်မတီများဖွဲ့ရန်ကိစ္စကို နိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းတင်ပြမှာဖြစ်ကြောင်း။

### ဖိဖိစီးစီးဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာချမှတ်ရေး ထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သည့် သဘောတူညီချက်များလျင်လျင်မြန်မြန် အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးများကိုယ်တိုင် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်နှင့် ဖွဲ့စည်းဆောင်ရွက်သွားမည့်လုပ်ငန်းကော်မတီအသီးသီးတွင် ကော်မတီဝင်များ ထပ်မံ ဖြည့်တင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ ထိပ်သီးအစည်းအဝေးမှ အတည်ပြုခဲ့သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ဦးဆောင်ကော်မတီနှင့်သက်ဆိုင်ရာ ဝန်ကြီးများ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ စက်မှုပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ လမ်းပန်းဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ ခရီးသွားလုပ်ငန်းပူးပေါင်း ဆောင်ရွက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

### ကဏ္ဍအလိုက်ဆွေးနွေး

ဆက်လက်၍ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ရှေ့လုပ်ငန်းစဉ်ပါ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



## မြန်မာတုန်းတာကုန်စည်ပြပွဲ၂၀၀၃ တတိယနေ့ကြည့်ရှုသူများအထူးစည်ကား



**ရန်ကုန် နိုဝင်ဘာ ၂၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် ယနေ့ တတိယနေ့အဖြစ် ဆက်လက်ပြသနေသော မြန်မာတုန်းတာ ကုန်စည်ပြပွဲ ၂၀၀၃တွင် လာရောက်ကြည့်ရှုသော အများပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ အလှကုန်၊ လူသုံးကုန်၊ အထည်အလိပ်နှင့် စားသောက်ကုန်အမျိုးမျိုး၊ ထိုအပြင် ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ ဂျာမနီ၊ စပိန်၊ အီတလီ၊ အင်ဒိုနီးရှား နိုင်ငံပေါင်းစုံတို့မှ တင်သွင်းသော ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာများ၊ ယာဉ်နှင့် အိမ်ခန်းသုံး ရေမွှေးများ၊ ရေစုပ်ပန့်၊ မြက်ရိတ်စက်၊ သစ်ဖြတ်စက်၊ မီးစက်နှင့်အင်ဂျင်များ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ အရောင်တင်ဆီများ၊ အဆင့်မြင့်ကော်အမျိုးမျိုး၊ အလူမီနီယံ လှေကားများကို ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးဆိုင်ရာ သရုပ်ပြရှင်းလင်းပွဲနှင့်အတူ ခင်းကျင်းပြသလျက်ရှိပြီး ပြပွဲကို နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**Tong Tah Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်လတ်က ပန်းချီပြိုင်ပွဲမှုလတန်း အဆင့်(၂)တွင် တတိယဆုရ မောင်ထွန်းပြည့်စုံ တိုးအားထူးချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)**

## ဖားကန့်မြို့နယ်၌ဘိန်းဖြူများဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၂ ရက်တွင် ဖားကန့်မြို့ အေးသာယာရပ်ကွက်ရှိ ရင်ခတ်ပန်း အလှပြင်ဆိုင်သို့ ရောက်ရှိနေသူ မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ ရွှေဝါရပ်ကွက်နေ ဦးမန်ရင်၏ သား စိုင်းရီ(ခ)ရီထွန်းအား မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ ဖမ်းဆီးရှာဖွေစစ်ဆေးခဲ့ရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိမှုမရှိသော်လည်း ၎င်းသည် ဘိန်းဖြူများအား ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် အိမ်အမှတ် ၅၁ နေ ဦးဖပေါင်း၏သား ဦးပေါင်ရှင်းထံမှ ဝယ်ယူ၍ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မှော်စီစာကျေးရွာ ဥတုချောင်းဘေးရှိ ရွှေကျင်းတွင် အစောင့်အဖြစ် လုပ်ကိုင်နေသူ ဦးလှကျော်၏သား သောင်းကျန်ထံတွင် အပ်နှံထားကြောင်း သိရှိရသဖြင့် ဆက်လက်ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ သောင်းကျန်အား ဘိန်းဖြူဆပ်ပြာခွက် ၄၈ ခွက် (အလေးချိန် ၀ ဒသမ ၇၉၅ ကီလို)ဖြင့် လည်းကောင်း၊ ဦးပေါင်ရှင်းအား ဘိန်းဖြူဆပ်ပြာခွက် နှစ်ခွက် (အလေးချိန် ၀ ဒသမ ၀၃၄ ကီလို)ဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် တရားခံသုံးဦးအား ဘိန်းဖြူဆပ်ပြာခွက် ၅၀ ခွက် (အလေးချိန် ၀ ဒသမ ၈၂၉ ကီလို) နှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အောက်တိုဘာ ၂၂ ရက်က ဖားကန့်မြို့နယ်တွင် စိုင်းရီ (ခ) ရီထွန်း၊ ဦးပေါင်ရှင်း၊ သောင်းကျန် တို့သုံးဦးအား ဘိန်းဖြူ ၀ ဒသမ ၈၂၉ ကီလိုနှင့်အတူ ဖော်ထုတ်ဖမ်းမိစဉ်။** **(သတင်းစဉ်)**

# အီရတ်ပြည်သူများ နိုင်ငံခြားကျူးကျော်မှုကို လက်မခံ အီရတ်အုပ်ချုပ်ရေးကို အီရတ်တို့အားအမြန်ဆုံးလွှဲပေး

တီဟီရန် နိုဝင်ဘာ ၂၅

**အီရတ်ပြည်သူများသည် များစွာရင့်ကျက်ပြီး ပညာတတ်ကာ နိုင်ငံခြားကျူးကျော်စိုးမိုးမှုကိုလက်မခံကြကြောင်း၊ ထို့ကြောင့်အီရတ်အုပ်ချုပ်ရေးကို အီရတ်ပြည်သူများထံ အမြန်ဆုံးလွှဲအပ်ပေးခြင်းသည်သာ အီရတ်အကျပ်အတည်းကို ဖြေရှင်းနိုင်မည့်တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံက ယုံကြည်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ကမဲခါရာဇီက ပြောကြားလိုက်သည်။**

ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး မာဇန်မရှားနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး ကမဲခါရာဇီကို တီဟီရန်မြို့၌ စနေနေ့က တွေ့ဆုံပြီး ဒေသဆိုင်ရာကိစ္စများနှင့် နှစ်နိုင်ငံဆက်ဆံမှုခိုင်မြဲရေးအတွက် မဟာဗျူဟာများကို ဆွေးနွေးကြစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြား လိုက်ခြင်းဖြစ်သည်။

## လိုလား

ဂျော်ဒန်နိုင်ငံက အီရန်နိုင်ငံနှင့် အီရန်နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာများကို များစွာတန်ဖိုးထားကြောင်း၊ နယ်ပယ်ကဏ္ဍအားလုံးတွင် နှစ်နိုင်ငံဆက်ဆံမှု ခိုင်မာရေးကို ဂျော်ဒန်ခေါင်းဆောင်များက လိုလားကြောင်း ဂျော်ဒန်နိုင်ငံခြားရေး ဝန်ကြီးမာဇန်မရှားက ၎င်း၏ အီရန်ခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားသည်။

## ထောက်ခံ

ဂျော်ဒန် နိုင်ငံခြားရေးဝန်ကြီး မာဇန်မရှားက ဆက်လက်ပြောကြားရာတွင် မိမိ၏ခရီးစဉ်မှာ နယ်ပယ်ပေါင်းစုံတွင် နောက်ထပ်အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ ရှာကြရန်နှင့် တီဟီရန်သို့ မကြာမီက ဂျော်ဒန်ဘုရင်လာရောက်ခဲ့သည့် ခရီးစဉ်၏ အောင်မြင်မှုများကို ဆန်းစစ်ရန်ဖြစ်ကြောင်း၊ ဂျော်ဒန်နိုင်ငံက အီရတ်နိုင်ငံ အစိတ်စိတ်အမြွှာမြွှာ ဖြစ်စေသော မည်သည့်ကြိုးပမ်းမှုကိုမဆို လက်မခံကြောင်း၊ အီရတ်နိုင်ငံအတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးတည်ဆောက်ရန် အီရတ်ယာယီအုပ်ချုပ်ရေးကောင်စီ၏ ကြိုးပမ်းမှုများကို ထောက်ခံကြောင်း ထည့်သွင်းပြောဆိုသည်။

## ပြောကြား

တစ်ဖန် ပါလက်စတိုင်း အကျပ်အတည်းနှင့် စပ်လျဉ်း၍ ၎င်းက ဆက်လက်ပြောကြားရာတွင် မိမိတို့သည် ဇီယွန်ဝါဒီများက ပါလက်စတိုင်းပြည်သူတို့၏ လူ့အခွင့်အရေးကိုချိုးဖောက်ပြီး သတ်ဖြတ်နေခြင်းအပေါ် စိုးရိမ်ကြောင်း၊ ဇီယွန်ဝါဒီများအနေဖြင့် သိမ်းပိုက်ထားသော နယ်မြေများမှ ရုပ်သိမ်းပေးပြီး လွတ်လပ်သောပါလက် စတိုင်းနိုင်ငံ ထူထောင်ခြင်းဖြင့်သာလျှင် ပါလက်စတိုင်း အကျပ်အတည်းကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းသုံးသပ် ပြောကြားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးကမဲခါရာဇီက ပြောကြားရာ၌ ပါလက်စတိုင်း အကျပ်အတည်း ဆက်လက်ဖြစ်ပေါ်နေခြင်းမှာ ဇီယွန်ဝါဒီအစိုးရ၏ မလိမ္မာသည့် မူဝါဒများ၏ အကျိုးဆက်ကြောင့်ဖြစ်ကြောင်း၊ ပါလက်စတိုင်းနယ်မြေလုံးဝမလွတ်လပ်မချင်း၊ ပါလက်စတိုင်းဒုက္ခသည်များနေရပ်ပြန်မပို့မချင်း၊ ပါလက်စတိုင်းတို့၏ အခွင့်အရေးများ အပြည့်အဝရပြီး လွတ်လပ်သောပါလက်စတိုင်း အစိုးရတစ်ရပ်ထူထောင်မပြီးမချင်း ပါလက်စတိုင်း အကျပ်အတည်းပြေလည်မည်မဟုတ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

**(အင်တာနက်)**

## ကင်းလှည့်



**နိုဝင်ဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် ဆင်ခြေဖုံးရှိ အိုးရစ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးတစ်ရပ်အဖြစ် ကင်းလှည့်နေကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အီရတ်ညွန့်အိုင်ထဲ အမေရိကန်ပြည်ထောင်စု နစ်သည်ထက်နစ်ဝင်နေပြီ အီရတ်ကို ဒီမိုကရေစီပေးမည်ဆိုပြီး ပြည်သူများကို ဖိနှိပ်ချုပ်ချယ်လျက်ရှိ ကျူးကျော်ခြင်းကို အရှေ့အလယ်ပိုင်းနိုင်ငံများက သည်းခံမည်မဟုတ်

တီဟီရန် နိုဝင်ဘာ ၂၇

**အမေရိကန်ပြည်ထောင်စုသည် အီရတ်ညွန့်အိုင်ထဲတွင် နစ်သည်ထက် နစ်ဝင်နေကြောင်း အီရန်ဦးစီးခေါင်းဆောင် အယာတိုလာအလီခါမေနီက တီဟီရန်မြို့၌ ပြောကြားပြီး သိမ်းပိုက်ထားခြင်းကို အရှေ့အလယ်ပိုင်းနိုင်ငံများက သည်းခံမည်မဟုတ်ကြောင်း သတိပေးပြောကြားလိုက်သည်။**

အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံ၏ ညွန့်အိုင်ဖြစ်သည် ဆိုခြင်းကို သိသင့်ကြောင်း၊ အီရတ်၌ပြောကြားခြင်းဖြင့် ညွန့်အိုင်ထဲသို့ နစ်သည်ထက်နစ်ဝင်နေကြောင်း ခါမေနီက ပြောဆိုသည်။

သိမ်းပိုက်ထားသော အီရတ်နိုင်ငံကို အမေရိကန်တို့သည် သွေးရူးသွေးတန်း ဖုံးကွယ်လျက်ရှိရာ အလွန်အန္တရာယ်များကြောင်း၊ အရှေ့အလယ်ပိုင်း နိုင်ငံများက သိမ်းပိုက်ခြင်းကို သည်းခံမည် မဟုတ်ကြောင်းလည်း ခါမေနီက ပြောကြားသည်။

အီရန်နိုင်ငံသည် အီရတ်တွင်အုပ်ချုပ်ရေး မြန်မြန်ထက်ထက် လွှဲပြောင်းပေးရေးနှင့် လွတ်လပ်သော အီရတ်အစိုးရဖွဲ့စည်းရေးကို ထပ်ခါတလဲ တိုက်တွန်းတောင်းဆိုခဲ့သည်။

အမေရိကန်တို့ အနေဖြင့် အစိုးရနှင့် ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲများ တစ်စုံတစ်ရာ အတင်းအကျပ် ပြုလုပ်ခြင်းသည် အီရတ်ပြည်သူများ၏ ခုခံတွန်းလှန်မှုနှင့် ကြုံရမည်ကို သိထားသင့်သည်ဟု ခါမေနီက ပြောဆိုသည်။

အမေရိကန် ပြည်ထောင်စုသည် အီရတ်ကို ဒီမိုကရေစီပေးမည့်အစား အီရတ်ပြည်သူများကို ဖိနှိပ်ချုပ်ချယ်လျက်ရှိကြောင်း၊ လူ့အခွင့်အရေးဟုဆိုခါ အီရတ်နိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြသော အမေရိကန်တို့သည် အီရတ်လူမျိုးများကို မတရားဖိနှိပ်ချုပ်ချယ်ကြကြောင်း၊ ဒေသ၌ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပတ်သက်၍ အမေရိကန်တို့ ပြောစကားသည် လိမ်ညာမှုသာဖြစ်ကြောင်း ခါမေနီက ဆက်လက်ပြောဆိုသည်။

**အမ်အင်အေ၊ ရိုက်တာ**

# အီရတ်ကိစ္စ နိုင်ငံအားလုံး ညီညွတ်စွာဆောင်ရွက်ကြရေး အထူးအဖွဲ့ဝင်နိုင်ငံများ ကုလသမဂ္ဂ၌ဆွေးနွေးကြမည်

ကုလသမဂ္ဂ နိုဝင်ဘာ ၂၈

**ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် အီရတ်နိုင်ငံ၏ အရေးကိစ္စများနှင့်ပတ်သက်၍ အီရတ်၏ အိမ်နီးချင်းနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အီဂျစ်နိုင်ငံနှင့်ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်နိုင်ငံများအနက်မှ အထူးရွေးချယ်ထားသော ကိုယ်စားလှယ်များနှင့် မကြာမီကာလတွင် တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့၌ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။**

အဆိုပါ အထူးအတိုင်ပင်ခံ အစည်းအဝေးကို လာမည့် တနင်္လာနေ့တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ် အဆောက်အအုံတွင် ကျင်းပမည်ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိ သူ ဖရက်အက်ဟတ်က သတင်းစာရှင်းလင်းပွဲတွင် အသိပေး ပြောကြားသွားသည်။

ထိုအတိုင်ပင်ခံကောင်စီတွင် အမြဲတမ်းလုံခြုံရေးကောင်စီအဖွဲ့ဝင်ငါးနိုင်ငံမှ ကိုယ်စားလှယ်များပါဝင်မည်။ ထို့အပြင် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၀နိုင်ငံအနက်မှ ရွေးချယ်ခြင်းခံရသော ငါးနိုင်ငံမှ ကိုယ်စားလှယ်များလည်း ပါဝင်ကြမည်ဖြစ်သည်။ အရွေးချယ်ခံထားရသောငါးနိုင်ငံမှာ အင်ဂိုလာ၊ ချီလီ၊ဂျာမနီ၊ စပိန်နှင့်ပါကစ္စတန်နိုင်ငံတို့ဖြစ်သည်ဟုဆိုသည်။ အထက်ပါအတိုင်ပင်ခံအဖွဲ့တွင် အီရတ်၏ အိမ်နီးချင်းနိုင်ငံ ခြောက်နိုင်ငံတို့မှ ကိုယ်စားလှယ်များကိုလည်း ပါဝင်စေမည်ဟုဆိုသည်။ ကုလသမဂ္ဂသည် ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ ဆွေးနွေးစဉ်းစားရာ၌ ယခုကဲ့သို့ သီးခြားအဖွဲ့ငယ်ဖွဲ့ပြီး ဆွေးနွေးတိုင်ပင်သည့် ကိစ္စရပ်သည် အစဉ်အလာ မဟုတ်သော ထူးခြားသည့် ကိစ္စရပ်ပင် ဖြစ်ကြောင်း အက်ဟတ်ကဖြည့်စွက် ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် အီရတ်အရေးအရာကိစ္စကို စဉ်းစားရာ၌ ဒေသတွင်းရှိနိုင်ငံအားလုံးနှင့်အခြားနိုင်ငံများအနေဖြင့် ဦးတည်ချက်တစ်ရပ်တည်းဆီသို့ ညီညီညွတ်ညွတ်ဖြင့် လုပ်ရှားဆောင်ရွက်ကြရန် လိုအပ်နေကြောင်း အမြဲသဖြင့် ပြောကြားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားခဲ့သည်။

**(အင်တာနက်)**



## ကြည့်ရှု

**နိုဝင်ဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးရှိ စိုက်ပျိုးမွေးမြူရေးခြံတစ်ခုအတွင်းရှိ အိတ်များကို စစ်ဆေးကြည့်ရှုနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# မိုဆူးလ်မြို့၌ အမေရိကန်တပ်ဖွဲ့များကို အီရတ်ပြောက်ကျားများက ဗုံးများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်

**မိုဆူးလ် နိုဝင်ဘာ ၂၇**

မကြာသေးသော သီတင်းပတ်များအတွင်း၌ မိုးဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုများ၊ အကွက်ချတိုက်ခိုက်မှုများ၊ အမေရိကန်တပ်များနှင့် အပေါင်းအပါများကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခြင်းများသည် ကြီးထွားခဲ့သည်မှာ အထင်အရှား မျက်ဝါးထင်ထင် ဖြစ်ခဲ့သည်။

**တတိယအကြီးဆုံး**

အီရတ်နိုင်ငံ၏ တတိယအကြီးဆုံး မိုဆူးလ်မြို့တွင် မကြာမီက တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် အခြေအနေ စစ်ပွဲပြီးဆုံးပြီးနောက် လများစွာကြာအောင် ငြိမ်သက်အေးချမ်းခဲ့သော မိုဆူးလ်မြို့အခြေအနေနှင့် ကွဲပြားခဲ့သည်။ စစ်ပွဲပြီးနောက်လများစွာ ငြိမ်သက်နေခဲ့သော မိုဆူးလ်မြို့သည် ထိုအချိန်က အမေရိကန်တပ်ဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**မဟာဗျူဟာ၏အစိတ်အပိုင်း**

မိုဆူးလ်ဒေသ၌ မကြာသေးခင်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများသည် ယခုတိုင် အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်မှုအများဆုံးဖြစ်ပွားရာ ဆွန်နီတြိဂံဒေသမှနေ၍ မြောက်ဘက်ဆီသို့ တိုက်ခိုက်ရေးသမားများက ပြောက်ကျားစစ်ဆင်ရေးကို တိုးချဲ့ခဲ့သည့် မဟာဗျူဟာ၏ အစိတ်အပိုင်းဖြစ်ကြောင်း မိုဆူးလ်ရှိ အီရတ်အာဏာပိုင်များက ပြောဆိုသည်။

အခြေအနေမတည်မငြိမ် ဖြစ်မှု ကို အုပ်ချုပ်မှုလျော့ရဲခြင်းနှင့် အားပျော့သော ရဲအဖွဲ့အား အခွင့်ကောင်းယူပြီး ကျူးလွန်သည့် ရာဇဝတ်မှုများက ပေါင်းစပ်ပေးခဲ့သည်။

**ပြောဆို**

ယခင်အစိုးရ အဖွဲ့ဝင်များသည် မိုဆူးလ်နှင့်နေရာ အနှံ့တွင် အစ္စလာမ္မစ်တို့နှင့်ပူးပေါင်းလုပ်ကိုင်ခဲ့ကြကြောင်းကာ့ဒ် မျိုးချစ် သမဂ္ဂ၏ စစ်ရေးခေါင်းဆောင် မိုဟာမက်အယ်လ်ကာကီက ပြောဆိုသည်။

**(အင်တာနက်)**

# ဘဂ္ဂဒက်ရှိ အီတလီသံရုံး ဒုံးကျည်ထိမှန် ပျက်စီးမှုရှိသော်လည်း ထိခိုက်ဒဏ်ရာရသူ မရှိ

**ရောမ နိုဝင်ဘာ ၂၇**

ဘဂ္ဂဒက်တွင်ရှိသော အီတလီသံရုံး ဗုဒ္ဓဟူးနေ့ညက ဒုံးကျည်တစ်စင်း သို့မဟုတ် စိန်ပြောင်းကျည်တစ်လုံး ထိမှန်မှုကြောင့် ပျက်စီးမှုရှိသော်လည်း ဒဏ်ရာရသူမရှိကြောင်း အီတလီသတင်းဌာနအန်ဆာက သတင်းဖော်ပြသည်။

**ဒုံးကျည်ထိ**

ဒုံးကျည်သည် သံရုံးအဆောက်အအုံ၏ ဒုတိယထပ်ကို ည ၁၁နာရီခွဲဝန်းကျင်၌ ထိမှန်ခဲ့ကြောင်း၊ ထိုအချိန်၌ သံရုံးအတွင်း လူအနည်းငယ်သာရှိကြောင်း အန်ဆာက ဖော်ပြသည်။ ယခုလအစောပိုင်း၌ အီရတ်တောင်ပိုင်း နာဆီရီယာမြို့တွင် အီတလီ ၁၉ဦးသေဆုံးခဲ့သော အသေခံတိုက်ခိုက်မှုဖြစ်ပြီးခဲ့ချိန်မှစပြီး အီတလီတပ်များနှင့် အရာရှိများကို အီရတ်၌ အထူးတပ်လှန့်ထားခဲ့သည်။

**တိုက်ခိုက်**

အီတလီသံရုံးအား ဗုဒ္ဓဟူးနေ့က တိုက်ခိုက်မှုသည် ဘဂ္ဂဒက်ရှိ အမေရိကန်-ဗြိတိသျှအုပ်ချုပ်ရေးရုံးဝင်းအတွင်း ဒုံးကျည်များထိမှန်ခဲ့ပြီး နောက်တစ်နေ့၌ ဖြစ်သည်။ အမေရိကန်စစ်ဘက်က ဘဂ္ဂဒက်ရှိ အီတလီသံရုံးနှင့် နီးကပ်သောလမ်းတစ်လမ်းအတွင်း၌ ဒုံးကျည်အချို့ကို တွေ့ခဲ့ရကြောင်း ပြီးခဲ့သည့်အပတ်က ပြောကြားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ



**နိုဝင်ဘာ ၂၀ရက်က တီကရစ်မြို့အနီး အယ်လ်ဒိုယာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက ဗုံးကြဲတိုက်ခိုက်သဖြင့် ပျက်စီးသွားသော အီရတ်တစ်ဦး၏နေအိမ်ကို တွေ့ရစဉ်။ (အမေရိကန်ဦးဆောင်တပ်များသည် ၎င်းတို့၏တပ်ဖွဲ့ဝင်များကို ပြောက်ကျားတို့က တိုက်ခိုက်နေသဖြင့် အပြစ်မဲ့အီရတ်တို့၏ နေအိမ်များကို ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။)** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်ပြောက်ကျားများက အမေရိကန်ဦးဆောင်တပ်များအား တိုက်ခိုက်ရေးနည်းဗျူဟာ ပြောင်းလဲတိုက်ခိုက်လာ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

**အီရတ်လက်နက်ကိုင်များသည် တိုက်ခိုက်ရေးနည်းဗျူဟာပြောင်းလဲကာ အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းသည့် အီရတ်အရပ်သားများကို ပစ်မှတ်ထားနေကြကြောင်း အမေရိကန်တို့က ပြောကြားလျက်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်များကလည်း ၎င်းတို့၏ နည်းဗျူဟာများကို ပိုမိုတိုးမြှင့်ကာ အီရတ်လက်နက်ကိုင်များကို အပြင်းအထန် အကြမ်းဖက်နှိမ်နင်းလျက်ရှိကြောင်း သိရသည်။**

ထိုသို့နှိမ်နင်းရာ၌ ၎င်းတို့သံသယရှိသူများကို ရက်တရက် ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်ရန် ညသန်းခေါင်အချိန်၌ နေအိမ်များအတွင်း အတင်းအဓမ္မ စီးနင်းဝင်ရောက်ကာ ရှာဖွေကြကြောင်း သိရှိသည်။

**စီးနင်းရှာဖွေ**

ပြီးခဲ့သည့်ရက်အတွင်း၌ အမှတ် ၈၇ အမေရိကန်လေကြောင်းချီတပ်မှ တပ်ဖွဲ့ဝင်တစ်စုသည် ဘဂ္ဂဒက်မြို့ရှိ နေအိမ်များကို အချိန်မတော် ရက်တရက် ဝင်ရောက်စီးနင်းရှာဖွေခဲ့ကြသည်။

ထောက်လှမ်းရေးသတင်းများအရ ၎င်းတို့အား တိုက်ခိုက်ခဲ့သော ပြောက်ကျားအဖွဲ့တစ်ဖွဲ့မှ ခေါင်းဆောင်ကို ရှာဖွေနေခြင်းဖြစ်သည်။

လူတိုင်း အိပ်ပျော်နေသည့် ညသန်းခေါင်ယံအချိန်၌ သံသယရှိသည့် နေအိမ်တစ်အိမ်ထဲသို့ အတင်းအဓမ္မ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင်အမျိုးသမီးငယ်မှာ ၎င်း၏ မွေးကင်းစကလေးငယ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ တက်မနင်းမိအောင် ကာကွယ်ခဲ့ရသည်။

အချိန်အတန်ကြာ ရှာဖွေပြီးမှ စကားပြန်ရောက်ရှိလာချိန် ၎င်းတို့သည် အိမ်မှားပြီး ဝင်ရောက်ရှာဖွေမိကြောင်း သိရှိခဲ့ရပြီး အရှက်ကွဲကာ အခြားတစ်အိမ်ကို ဆက်လက်စီးနင်း ရှာဖွေကြပြန်ကြောင်း သိရှိရသည်။ အမေရိကန်တို့၏ ယခုလို အကြမ်းဖက်စီးနင်း ရှာဖွေခြင်းများကြောင့် အီရတ်တို့က ဒေါသထွက်လျက်ရှိကြသည်။ **(စီအင်န်အင်န်)**

## ကန်တို့၏ နည်းပညာများကိုလှည့်စားရန် ပြောက်ကျားများက မြည်းများကိုအသုံးပြု

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

**အီရတ်ခုခံရေး ပြောက်ကျားများသည် အမေရိကန်တို့၏ ခေတ်မီဆန်းသစ်သောနည်းပညာများကို လှည့်စားရန် ဝန်တင်မြည်းသတ္တဝါများကိုအသုံးပြုပြီး တိုက်ခိုက်ခဲ့ကြရာ အမေရိကန်တပ်ဖွဲ့ဝင်များက ဝန်တင်မြည်းများကိုပင် သံသယဖြင့် စစ်ဆေးကြပ်မတ်နေပြီဟုဆိုသည်။**

**အမေရိကန်တပ်ဖွဲ့ဝင်များက ထိုသတ္တဝါများကို မသင်္ကာသောမျက်လုံးများဖြင့် စောင့်ကြပ်စစ်ဆေးလျက်ရှိနေကြသည်။ ဝန်လည်းရှန်းရ၊ ကြာပွတ်နှင့်လည်း နေ့စဉ်အရိုက်ခံရ၍ ပင်ပန်းသော ဝန်တင်မြည်းများသည် မောင်းပြန်သေနတ်များကိုင်ဆောင်သော အမေရိကန်တပ်ဖွဲ့ဝင်များ၏ မကြာခဏ ရပ်တန့်စစ်ဆေးခြင်းနှင့် လက်နက်ပါမပါ ရှာဖွေခြင်းကိုခံနေရသော ဒုက္ခဝန်တာတစ်ခုပိုလာသည့်အဖြစ်နှင့် ကြုံနေကြရသည်ဟု ဆိုသည်။**

(အင်တာနက်)



## ဒေါသဖြစ်မကျေနပ်

**ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ အမေရိကန် အမှတ် ၈၂ လေကြောင်းချီတပ်ဖွဲ့ဝင်များက လက်နက်ခဲယမ်းများကို ရှာဖွေမှုပြုလုပ်နေစဉ်အတွင်း အီရတ်လူမျိုးတစ်ဦး အမေရိကန်တပ်များကို ဒေါသဖြင့် မကျေမနပ်ဖြစ်နေသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်ဆိုင်ရာမူဝါဒသစ်၌ ကုလကဏ္ဍ ပါသင့်သလောက်မပါ အမေရိကန်၏မူဝါဒသစ်ကို ပြင်သစ်သမ္မတ ဝေဖန်ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၇

**အီရတ်ပြည်သူများလက်သို့ အုပ်ချုပ်ရေးပြန်အပ်ရန် အမေရိကန်၏အစီအစဉ်မှာ လွန်စွာနှေးကွေးကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ဝေဖန်ပြောကြားလိုက်သည်။**

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲနှင့် ထိပ်သီးချင်းတွေ့ဆုံအပြီး ပြင်သစ်သမ္မတ ဂျက်ရှီရက်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

## ပြောကြား

အီရတ်ပြည်သူများထံ အချုပ်အခြာအာဏာနှင့် တာဝန်လွှဲပြောင်းပေးရေး မူဝါဒတစ်ရပ်ကို ချမှတ်ပုံရသည့် အမေရိကန်၏ မူဝါဒသစ်ဦးတည်ချက်မှာ ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းမှန်ဖြစ်သည်ဟု မိမိထင်မြင်ကြောင်း၊ အီရတ်ပြည်သူများလက်ခံစေရန် အရေးကြီးသည့်အရာမှာ ကုလသမဂ္ဂ၏အခန်းကဏ္ဍပင်ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း၊ ကုလသမဂ္ဂ၏ အခန်းကဏ္ဍမှာ ပါသင့်သလောက် ထင်ထင်ရှားရှားဖော်ပြမထားကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားသည်။

## အရေးကြီး

နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ယခုအခါ ညီညွတ်ကြရန် အရေးကြီးကြောင်းဖြင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့က သဘောတူညီကြသည်။ **(အင်တာနက်)**



**နိုဝင်ဘာ ၂၇ ရက်ညက တီကရစ်မြို့ရှိ လမ်းတစ်လမ်းတွင် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များက ကားတစ်စီးကို စစ်ဆေးရန် ရပ်ခိုင်းနေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်အနာဂတ်ဖွံ့ဖြိုးရေးအစည်းအဝေး အီရတ်ကာ့ဒ်တို့က လက်ခံကျင်းပမည်

**လန်ဒန် နိုဝင်ဘာ ၂၈**

အီရတ်အုပ်ချုပ်မှုကောင်စီနှင့် အခြား ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်များပါဝင်သော အီရတ် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစည်းအဝေးကို ဒီဇင်ဘာလထဲ၌ အီရတ်ကာ့ဒ်အာဏာပိုင်များက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း အရာရှိများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

## ပြောကြား

ကာ့ဒ်ဒေသဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့(ကေအာဂျီ)သည် လုံခြုံမှုနှင့် တည်ငြိမ်မှုရှိသော အီရတ် ကာ့ဒ်ဒေသတွင် ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ ထိပ်သီးအစည်းအဝေးခေါ်ယူထားကြောင်း ကာ့ဒ်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်ဘလင်းက ရိုက်တာသို့ ပြောကြားသည်။

## ဆွေးနွေးမည်

အစည်းအဝေး၌ ဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုစံနှင့် အီရတ်ပြန်လည်တည်ဆောက်ရေး အသေးစိတ်အစီအစဉ်တို့ကို ဆွေးနွေးကြမည်ဟု ဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

# အီရတ်နိုင်ငံတွင် အမေရိကန်တို့အမှားများစွာပြုလုပ်ခဲ့ကြ အမေရိကန်အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ဂျေဂါနာ ဝန်ခံပြောကြား

လန်ဒန် နိုဝင်ဘာ ၂၇

**အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံတွင်အမှားများပြုလုပ်ခဲ့ကြောင်း အီရတ်ကျူးကျော်ရေး ပထမအုပ်ချုပ်မှုအဖွဲ့ခေါင်းဆောင် အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ဂျေဂါနာက ဝန်ခံပြောကြားလိုက်သည်။**

ဆက်တိုက်မှားခဲ့သော အမှားများသည် ဧပြီလထဲ၌ စတင်ခဲ့ကြောင်း၊ ထိုဧပြီလထဲ၌ အမေရိကန်စစ်ဘက်ဆိုင်ရာသည် တရားဥပဒေစိုးမိုးရေးကို မြန်မြန်ထက်ထက် ထိန်းသိမ်းမှုမရှိခြင်းနှင့် အစိုးရဝန်ကြီးဌာန အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်မှုမရှိခြင်းစသော အမှားများကို ပြုလုပ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်လွှင့်သည့် တွေ့ဆုံမေးမြန်းခန်း၌ ဗိုလ်ချုပ်ကြီး ဂါနာက ပြောဆိုသည်။

မိမိကိုယ်တိုင်လည်း အဓိကအမှားများကို လုပ်ဆောင်မိခဲ့ကြောင်း ဂါနာက ဝန်ခံပြောဆိုသော်လည်း အီရတ်စစ်တပ်ကို ၎င်းအားဆက်ခံခဲ့သူ ပေါလ်ဘရီမာက ဖျက်သိမ်းခဲ့ခြင်းကို အပြစ်တင်ရှုတ်ချပြောဆိုခဲ့သည်။

ထိုသို့ဖျက်သိမ်းခဲ့သည့်အတွက် အီရတ်လူမျိုးများ အများအပြား အလုပ်လက်မဲ့ဖြစ် ကျန်ရစ်ကြောင်း၊ ယင်းသည် အမှားတစ်ရပ်ဖြစ်ကြောင်း ဂါနာက ပြောဆိုသည်။

ဧပြီလအစောပိုင်း၌ ဘဂ္ဂဒက်မြို့တွင်းသို့ အမေရိကန်တပ်များ ရောက်လာကြပြီးနောက် လုယက်မှုများသည် ရက်များစွာကြာအောင် ဖြစ်ပွားခဲ့ပြီး စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဆောက်အအုံများလည်း လုယက်ဖျက်ဆီးခြင်း ခံခဲ့ရသည်။

အမေရိကန်တပ်များ ရောက်လာပြီးနောက် အခြေအနေ ဖရိုဖရဲဖြစ်မှုကြောင့် ဘဂ္ဂဒက်ဒေသခံများ တုန်လှုပ်ချောက်ချားခဲ့ကြရသည်။ အထူးသဖြင့် ည၌ ရာဇဝတ်မှုကျူးလွန်ခြင်းသည် ဘဂ္ဂဒက်မြို့တွင် ပြဿနာတစ်ရပ်ဖြစ်ကျန်ခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ



# အီရန်၏ နျူကလီးယားကိစ္စ အမေရိကန်ကြိုးပမ်းချက် ဗြိတိန်က ပြင်သစ်၊ ဂျာမနီတို့နှင့် ပူးပေါင်းကန့်ကွက်

တီဟီရန် နိုဝင်ဘာ ၂၇

**အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ရုရှားအပေါ် အမေရိကန်တို့က ယခင်တောင်းဆိုချက်အား လျှော့ချခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ပျော့ပြောင်းလာမှုသည် ယမန်နေ့က နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ၏ အီရန်နိုင်ငံအပေါ် ဆုံးဖြတ်ချက်ထွက်ပေါ်လာပြီးနောက် ပေါ်ပေါက်ခဲ့ပြီး ရုရှားတို့အနေဖြင့် အီရန်နှင့် ဆက်ဆံရေးအား နှစ်သက်သလိုဆုံးဖြတ်နိုင်ကြောင်း အမေရိကန်တို့က ပြောကြားလိုက်ခြင်း ဖြစ်သည်။**

အေဂျင်စီအဖွဲ့ဝင် ၃၅ နိုင်ငံစလုံးက အီရန်နိုင်ငံသည် ၁၈ နှစ်ကြာ နျူကလီးယားစွမ်းအင် သုတေသနပြုချက်အား ဖုံးကွယ်ထားခဲ့ခြင်းအပေါ် အပြစ်ရှိကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သော်လည်း နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရန်နိုင်ငံအား အချိန်ပေးရန် အခွင့်အရေးပေးထားသည်။ ပြည့်ဝယူရေနီယံထုတ်လုပ်မှုနှင့် ပလူတိုနီယမ်သန့်စင်မှုတို့သည် နျူကလီးယားအစီအစဉ်၌ ပါဝင်နေကြောင်း၊ သို့ရာတွင် အီရန်က အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်သည့်အတွက် အချိန်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အီရန်အနေဖြင့် အေဂျင်စီ၏ ပိုမိုတင်းကြပ်သည့် စစ်ဆေးမှုများနှင့် ၎င်း၏ နျူကလီးယားအစီအစဉ်များအား ရပ်တံ့ထားရန် ဆောင်ရွက်မှုများကြောင့် အမေရိကန်တို့မျှော်လင့်ထားသကဲ့သို့ အရေးယူမှုများမပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ အမေရိကန်တို့က အီရန်နိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည့် အန္တရာယ်တစ်ရပ်ဖြစ်သည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြ၍ တားမြစ်ကန့်သတ်ချက်များပြုလုပ်ရန် ကြိုးပမ်းခဲ့သော်လည်း နိုင်ငံအနည်းငယ်ကသာ ယင်းအဆိုပြုချက်ကို လက်ခံခဲ့ခြင်းကြောင့် အမေရိကန်တို့ မအောင်မမြင်ဖြစ်ခဲ့ရသည်။

အီရန်စစ်ပွဲပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဗြိတိန်က ပြင်သစ်၊ ဂျာမနီစသော နိုင်ငံများပူးပေါင်းပြီး အမေရိကန်တို့၏ အဆိုပြုချက်ကို ကန့်ကွက်ခဲ့သည်။ အိုင်အေအီးအေက အီရန်အနေဖြင့်စစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်မှုကို ခွင့်ပြုရန် ရှင်းလင်းတိကျသော တင်ပြမှုများဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုထားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## စစ်ဆေးမေးမြန်း

**နိုဝင်ဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ တီကရစ်မြို့တွင် သံသယရှိသော အီရတ်တစ်ဦးအား စစ်ဆေးမေးမြန်းနေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့အကောင်းဆုံးအမျိုးသား၊အမျိုးသမီးဘောလုံးဆု လျာထားသူများစာရင်း ဖီဖာထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၂၈**

၂၀၀၃ ခုနှစ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ရွေးချယ်ချီးမြှင့်သည့် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီး အားကစားသမားဆုရရှိရန် လျာထားခြင်းခံရသောသူများ စာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

အမျိုးသားများထဲမှ လျာထားခြင်းခံရသူများမှာ ဖီဖာဆုကို သုံးကြိမ်ရရှိဖူးသော ဘရာဇီးလ်မှ ရော်နယ်ဒို၊ ဖီဖာဆုကို နှစ်ကြိမ်ရရှိဖူးသော ပြင်သစ်မှ ဇီးနဒီးဇီဒန်းနှင့် ပြင်သစ်မှ ဘောလုံးအကျော်အမော် သီယာရီဟင်နရီတို့ ဖြစ်ကြသည်။

အမျိုးသမီးဆုအတွက် လျာထားခြင်းခံရသူသုံးဦးမှာ အမေရိကန်မှ မီယာဟမ်း၊ ဆွီဒင်မှ ဟန်နာလယ်ယွန်ဘာ့ဂ်နှင့် ဂျာမနီမှ ဘရစ်ဂ်ဖရင့်ဇ်တို့ ဖြစ်ကြသည်။ နောက်ဆုံးအဆင့်ရွေးချယ်ခံရသူနှစ်ဦးကို လာမည့်လတွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

# လူမှု/ကယ်ဆယ်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် ပစ္စည်းသိုလှောင်ရုံနှင့်မီးသတ်စခန်းများစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် တောင်ဥက္ကလာပမြို့နယ်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနပိုင်သိုလှောင်ရုံရှိ ပစ္စည်းများသိုလှောင်မှုကို လည်းကောင်း၊ တောင်ဥက္ကလာပနှင့် မြောက်ဥက္ကလာပမြို့နယ် မီးသတ်စခန်းများရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်ရေး၊ စက်သုံးဆီသုံးစွဲမှု၊ တပ်ဖွဲ့ဝင်များသက်သာချောင်ချိရေးဆောင်ရွက်ထားမှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် အိမ်ထောင်သည်လိုင်းများအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

### ❐ ဆန်းသစ်စွာမှ

ပန်းစိုက်ပျိုးသူများအနေဖြင့် သမားရိုးကျပန်းမျိုးများအပြင် သဘာဝပန်းပင်များဖော်ထုတ်ပြီး ခေတ်မီနည်းစနစ်များသုံး၍ စိုက်ပျိုးသူဝါသနာရှင်နှင့် စိုက်ပျိုးရေးနည်းပညာများ တစ်နိုင်ငံလုံးသို့တိုးတက်ပြန့်ပွားလာစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကို နိုင်ငံတော်၏ လမ်းညွှန်ချက်ဖြင့် ၁၉၉၃ ခုနှစ် အောက်တိုဘာလ ၂၀ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အသင်းကို ဦးဆောင်နာယက တစ်ဦး၊ နာယက အဖွဲ့ဝင် ၃၂ ဦးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ၂၂ ဦးတို့ဖြင့် စတင်လုပ်ရှား ဆောင်ရွက်ခဲ့သည်။

အသင်းရုံးတည်နေရာကို ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း



**သစ်ခွစီးပွားဖြစ် မည်သို့စိုက်ပျိုးမလဲ၊ Gardening မည်သို့ဆောင်ရွက်မလဲကို တတ်အားသရွေ့ ကိုယ့်အပိုင်းနဲ့ကိုယ် တီထွင်စမ်းသပ်နေပါတယ်။**
**အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေ**
**(ဌာနမှူး၊ပန်းဥယျာဉ်နှင့်အားကစား)**

ဖွင့်လှစ်ထားရှိသည်။ အသင်းရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးမှုမရှိသေးသည့် အပြည်ပြည်ဆိုင်ရာ ပန်းမျိုးများ၊ နိုင်ငံတော်အတွင်း တင်သွင်း၍ ရေ မြေ ရာသီဥတုနှင့် ကိုက်ညီသည့် နေရာဒေသများတွင် ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်စေရန်၊ နိုင်ငံတကာအဆင့်မီ ပန်းဥယျာဉ်များ တည်ထောင်စိုက်ပျိုးသွားနိုင်ရန်နှင့် ဝါသနာရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးခြင်း၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်ခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်း၊ စာစောင်များထုတ်ဝေခြင်း ဆောင်ရွက်ရန် စသည်တို့ဖြစ်ကြသည်။

#### ရည်ရွယ်ချက်

အသင်း၏လှုပ်ရှားမှုများ အောင်မြင်နိုင်စေရန် လုပ်ငန်းကော်မတီ ရှစ်ခုဖွဲ့စည်းပြီး ကဏ္ဍများအလိုက် အသင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ပန်းဝါသနာရှင်အသင်း၏ လှုပ်ရှားဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ သိလိုသည်များကို အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေ (ဌာနမှူး၊ပန်းဥယျာဉ်နှင့်အားကစား)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေက ပြောကြားရာတွင် "ကျွန်တော်တို့ ပန်းဝါသနာရှင် EC အစည်းအဝေးကို တစ်လတစ်ကြိမ် ပုံမှန်ကျင်းပလေ့ရှိပါတယ်။ အသင်း၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်ကြပါတယ်။ ကျွန်တော်တို့အသင်းဟာ စီးပွားရေးလဲမဆန်၊ လူမှုရေးလဲမကျတဲ့ သဘောမျိုးဖြစ်တော့ မီဒီယာပိုင်း ထိုးဖောက်ဝင်ရောက်မှုအားနည်းပြီး လူသိသိပ်မများပါဘူး၊ ဝါသနာအရ ဖွဲ့စည်းတည်ထောင်ထားတဲ့အတွက် စိတ်ပါဝင်စားသူတွေ လောက်ပဲ သိကြပါတယ်။ တည်ဆောက်ပြုပြင်မြန်ပြည်တစ်ခွင်နဲ့ ဂျာနယ်တချို့မှာတော့ အခါအားလျော်စွာဖော်ပြကြပါတယ်။ ကျွန်တော်တို့အသင်းကို ပြည်သူများ စိတ်ပါဝင်စားမှုများလာအောင် ပြည်သူနဲ့ အမြဲ ထိတွေ့ဆက်ဆံမှုရှိတဲ့ မီဒီယာများက ဝိုင်းဝန်းကူညီပေးစေလိုပါတယ်။ အသင်းကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့ နာယကများ၏ညွှန်ကြားမှုနဲ့ မန္တလေး၊ကယား၊လားရှိုး၊မြစ်ကြီးနားနဲ့ ပုသိမ်တို့မှာ အသင်းများတိုးချဲ့ဖွဲ့စည်းပြီး ဖြစ်ပါတယ်"။

ဆက်လက်၍ ပန်းများအကြောင်း ရှင်းလင်းပြောကြားရာတွင် "ပန်းစိုက်ပျိုးထိန်းသိမ်းပျိုးထောင်မှုမှာ တချို့နိုင်ငံနဲ့ယှဉ်ရင် ကျွန်တော်တို့ဆီက နောက်ကျနေပါသေးတယ်။ အသင်းကိုယ်စားလှယ်များနဲ့ ဝါသနာရှင်များ စုပြီး နိုင်ငံခြားကို လေ့လာရေးခရီးသွားကြတဲ့အခါ သူတို့ရဲ့ စိုက်ပျိုးနည်းစနစ်တွေ၊ နိုင်ငံခြား Export ရောင်းချတဲ့လုပ်ငန်းတွေဟာ အတော်လေးဖွံ့ဖြိုးတိုးတက်နေတာကိုတွေ့ရပါတယ်။

ယခုအခါ ပန်းဝါသနာရှင်အသင်းကလဲ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင်ဆိုပြီး သစ်ခွ စီးပွားဖြစ်အနေဖြင့် မည်သို့စိုက်ပျိုးမလဲ၊ Gardening မည်သို့ဆောင်ရွက်မလဲ ဆိုတာကို ကိုယ့်ခွန်ကိုယ့်အားနဲ့ တတ်အားသရွေ့ ကိုယ့်အပိုင်းနဲ့ကိုယ် တီထွင်စမ်းသပ်ဆောင်ရွက်နေပါတယ်" ဟူ၍မြန်မာ့အလင်းသို့ပြောကြားသည်။

#### စိတ်နှလုံးအေးမြ

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည့် ပန်းအလှပြုပြင်မှုသင်တန်းနှင့် စီးပွားဖြစ် သစ်ခွစိုက်ပျိုးသင်တန်းများတွင် သင်တန်းသားများ တိုးပွားလာသည့်အတွက် အသင်းဝင်ဦးရေမှာ ပိုမိုများပြားလာလျက်ရှိကြောင်းသိရသည်။ "တစ်သက်ပျော်လိုလျှင် သစ်ပင်စိုက်" ဟူသောဆိုစကားနှင့်အညီ စိမ်းလန်းစိုပြည်သော သီးပင်၊စားပင်နှင့်ပန်းမန်တို့သည် လူတို့၏ စိတ်နှလုံးကို အေးမြကြည်လင်ပြီး တက်ကြွရွှင်လန်းမှုကို ပေးဆောင်လျက်ရှိသည်။

စိုက်ပျိုးခြင်း၊ မျိုးပွားခြင်း၊ မျိုးထိန်းခြင်းနည်းပညာများကို ပန်းဝါသနာရှင်များနှင့် စိုက်ပျိုးသူများ စနစ်တကျသိရှိနားလည်စေရန် ပြပွဲ၊ ပြိုင်ပွဲများကို ပြိုင်ပွဲကျင်းပပေးလျက်ရှိသလို စိုက်ပျိုးသူများအနေဖြင့် မိမိတို့အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် လူတိုင်းရယူခံစားနိုင်အောင် ဖန်တီးတတ်ကြရန်အတွက်လည်း ရည်ရွယ်ပြီးဆောင်ရွက်ခြင်းဖြစ်သည်။

ဆက်လက်၍(၁၀)နှစ်ပြည့်အထိမ်းအမှတ် ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်နုရီအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ဒေါ်တင်တင်နုရီက (၁၀)နှစ်ပြည့် အထိမ်းအမှတ် ပြပွဲ ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် "ယခုပြိုင်ပွဲမှာ ပန်းပင် ကိုးမျိုး၊ ပန်းအလှပြုပြင်မှု တစ်မျိုး၊ ပန်းကေရီမယ်တစ်မျိုး၊ဓာတ်ပုံပြိုင်ပွဲနှစ်မျိုးနဲ့ ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုး အသိအမြင်တိုးပွားစေဖို့ ပန်းချီပြိုင်ပွဲများ ပါဝင်



**ပြိုင်ပွဲတွင် ကလေးများ ဉာဏ်ရည် ဖွံ့ဖြိုးစေဖို့အတွက် ပန်းချီပြိုင်ပွဲနှင့်အတူ ပန်းကေရီမယ်ပြိုင်ပွဲကိုပါ ထည့်သွင်းတင်ဆက်ထားပါတယ်။**
**ဒေါ်တင်တင်နုရီ**
**(ကျင်းပရေးကော်မတီဥက္ကဋ္ဌ)**

ယှဉ်ပြိုင်ရန် စီစဉ်ထားပါတယ်။ ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်လက်ခံမှာပါ။ ပန်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအမျိုးအစားများကတော့ ပြည်ပသစ်ခွ (ကတ်တလီယာ)၊ဗင်ဒါ၊ ဒင်ဒရိုဘီယမ်၊ ရာသီပန်း၊ ပြည်တွင်းသစ်ခွ(သဇင်)၊ သက်ကြီးပုပင်(မွန်ဒိုင်း)၊ ပန်းအလှပြင်ဆင်ခြင်း၊ ပန်းအလှပင်၊ နေရာရှုခင်းအလှပြုပြင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

#### ထူးခြားမှု

ဒီပြိုင်ပွဲမှာ ထူးခြားမှုကတော့ ပန်းကေရီမယ်ပြိုင်ပွဲကိုပါဝင်တင်ဆက်ထားခြင်းပဲဖြစ်ပါတယ်။ပန်းကေရီမယ် ပါဝင်ယှဉ်ပြိုင်သူများ လိုက်နာဖို့ သတ်မှတ်ထားတာက ပန်းနှင့်ပတ်သက်တဲ့ ဝတ်စုံပါရှိရမှာဖြစ်ပါတယ်။ အင်္ကျီမှာ ပန်းမပါရင်တော့ ဆံပင်မှာပန်းတွေ အများကြီး ပန်ရမယ်။ ပန်းနဲ့ ပတ်သက်တဲ့ ပုံစံဒီဇိုင်းလေးတွေ ဖြစ်ရပါမယ်။ ကျန်အချက်တွေကတော့ မယ်တွေအတိုင်းပဲ သတ်မှတ်ထားပါတယ်။ပန်းနဲ့ပတ်သက်တာတော့ ပါကိုပါရမှာ ဖြစ်ပါတယ်။ ပန်းစည်းလေးတွေ၊ ပန်းပွင့်လေးတွေလဲကိုင်လို့လဲရပါတယ်။ဒါပေမယ့် မြန်မာဆန်ရမယ်" ဟူ၍ ရှင်းလင်းပြောကြားသည်။

#### ဆက်သွယ်နိုင်

ပန်းကေရီမယ်ပြိုင်ပွဲ ဆုကြေးအနေဖြင့် ပတ်သက်၍ ပထမဆု (တစ်သိန်းနှစ်သောင်း)၊ ဒုတိယဆု (တစ်သိန်း)၊ တတိယဆု(ရှစ်သောင်း)၊နှစ်သိမ့်-၁ (ငါးသောင်း)၊ နှစ်သိမ့်-၂ (လေးသောင်း) ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ လျှောက်လွှာကို အသင်းရုံး ဖုန်း-၃၇၃၉၆၁ ဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံ ပန်းဝါသနာရှင် (၁၀)နှစ်ပြည့် ပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုအေးရိပ်ငြိမ်တွင် ဒီဇင်ဘာ ၂၁ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့မှာပင် ပန်းပြိုင်ပွဲအတွက် ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ၊ လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲနှင့် ကလေးပန်းချီပြိုင်ပွဲများကို ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။ ဒီဇင်ဘာ ၂၃ ရက်တွင် ပန်းအလှသရုပ်ပြပွဲကို လည်းကောင်း၊ အထူးတင်ဆက်မှုအနေဖြင့် ညပိုင်းတွင် ပန်းကေရီ အလှမယ်ရွေးပွဲကို လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဒီဇင်ဘာ ၂၄ရက်တွင် သစ်ခွမျိုးပွားနည်း သရုပ်ပြပွဲနှင့် ကံထူးရှင်များရွေးချယ်သည့် ကံစမ်းမဲအစီအစဉ်ကို ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၅ ရက်တွင် ကံစမ်းမဲအစီအစဉ်ကို ဆက်လက်ပြုလုပ်၍ ဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲများကို ညပိုင်းတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲရက်အတွင်း ဈေးပွဲတော်နှင့် မြန်မာ့ရိုးရာ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ ပန်းပင်အရောင်းဆိုင်၊ စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်၊ လူသုံးကုန်နှင့် အခြားကုန်ပစ္စည်း အရောင်းဆိုင်များ ခင်းကျင်းပြသရောင်းချနိုင်ရန် ဆိုင်ခန်းပေါင်း ၃၂၄ ခန်း ဖွင့်လှစ်ရန် လျာထားကြောင်း သတင်းစကား ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

# စက်မှုစွမ်းအား ခေတ်ကျော်လွှား

## ဦးခိုက်ပူဇော်ပါ၏

ပါးရေတွန့်ယို၊ သက်ရွယ်အိုလည်း
နုပျိုနေဆဲ၊ ရှင်သန်ဆဲပါ
ဖောက်လွဲမသွေ၊ အားမာန်ဝေသည့်
စာပေစိတ်ဓာတ်၊ ခိုင်ခိုင်မတ်။ ။
တိုင်းကျိုးပြည်ကျိုး၊ ပြည်သူ့ကျိုးတည့်
အားကြိုးမာန်စွင့်၊ ကလောင်ဝင့်၍
သက်နှင့်အမျှ၊ လမ်းညွှန်ပြခဲ့
ကာလရာစု ချဉ်းပြီတည်း။ ။
သြော်---တောင်စွယ်နေညို၊ ကလောင်အိုလည်း
ရွှေအိုရောင်နယ်၊ အလှကြွယ်သည့်
ခံ့ထည်ရွှန်းပ၊ သူ့ဘဝကို
မမှုန်နိုင်းတု၊ ကြည်ညိုမှုဖြင့်
ဂုဏ်ပြုပူဇော် ဦးခိုက်လျက်။ ။

**မောင်ရွှေနွယ်(အင်းလေး)**

**သက်ကြီးစာပေပညာရှင်များကန်တော့ပွဲကိုဂုဏ်ပြုဖွဲ့ဆိုပါသည်။**




**အမှတ် ၁၈၉ ရွှေဝါထွန်း ၂လမ်း (၃၃) ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်း ရန်ကုန်မြို့ ဖုန်း-၅၈၄၇၃၈ နှင့် ဆင်တောင်ကြီးစာပေ(၄၁) ၂၉ လမ်း (အောက်) ရန်ကုန်မြို့ ဖုန်း-၃၈၁၈၃၄ က ဖြန့်ချိသည့် ဒီဇင်ဘာလထုတ် အပ္ပမာဒမ္မရသ မဂ္ဂဇင်းစာအုပ်မျက်နှာဖုံး။(က-ပ)**



**နိုဝင်ဘာ ၂၈ ရက်က ၁၃၆၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော သက်ကြီးစာပေပညာရှင် ဆရာကြီး ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) အား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)နှင့် ဗဟိုအမှုဆောင်များက ကန်တော့ငွေနှင့် ပစ္စည်းများကို အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

စတုတ္ထအကြိမ်
တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ
တပ်မတော်ခန်းမ
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ မှ (၂၆) ရက်နေ့

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

## နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာမာကို၊ ဘယ်လ်လိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ထုတ်ပြန်ကြေညာချက်သည် အသေအချာလေ့လာသုံးသပ်ခြင်းမပြုဘဲဆောင်ရွက်သည့်လုပ်ရပ်တစ်ခုဖြစ်

**■ ငွေကြေးဆိုင်ရာမှ**

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက်သည် အသေအချာလေ့လာသုံးသပ်ခြင်းမပြုဘဲ ဆောင်ရွက်သည့်လုပ်ငန်းတစ်ခုဖြစ်ပါသည်။ တရားမဝင်ငွေကြေးများ တရားဝင်စေရန် ပြုလုပ်ခြင်းကိုဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ဆောင်ရွက်မှုတွင် အားနည်းချက်များရှိပါက ကူညီပံ့ပိုးမည့်အစား မြန်မာနိုင်ငံအနေဖြင့် အဆိုပါအားနည်းချက်များကို ပပျောက်ကျော်လွှားစေရန်အတွက် မည်သို့မျှဆောင်ရွက်ခြင်းမရှိဟု တစ်ဖက်သတ် သိမ်းကျုံးကောက်ချက်ချခြင်းမှာ သဘာဝမကျပါ။

သမာသမတ်ကျကျ ရှုမြင်သူတစ်ဦးအနေဖြင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကျိုးကြောင်းဖော်ပြချက်များသည် မှန်ကန်မှုမရှိကြောင်းတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏အပေါင်းအပါတို့သည် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများဖြင့် ဖိအားအမျိုးမျိုးပေးခဲ့စေကာမူ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာနှင့် တရားမဝင်ငွေကြေးပြဿနာနှစ်ရပ်စလုံးကို ကျော်လွှားပပျောက်ချုပ်ငြိမ်းစေရန်အတွက် ခိုင်မာသောသန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်ကို အများအသိပင်ဖြစ်ပါသည်။

၂၀၀၂ ခုနှစ် ဇွန်လ၌ မြန်မာနိုင်ငံသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ဤအရေးပါသည့်လုပ်ဆောင်ချက်ကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်တိုင်က အသိအမှတ်ပြုပြီးဖြစ်ပါသည်။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ဆောင်သင့်သည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ပါသည်။

ငွေကြေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Financial Action Task Force-FATF) က မြန်မာနိုင်ငံ၏ အပြုသဘောလုပ်ဆောင်ချက်များကို မျက်ကွယ်ပြုပြီး ၎င်းတို့လိုရာဆွဲကာ မြန်မာနိုင်ငံအပေါ် ထပ်မံအရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ယင်း၏အဖွဲ့ဝင်များအား တောင်းဆိုမှုနှင့် အမေရိကန်ပြည်ထောင်စုအနေနှင့် ဤကိစ္စနှင့်ပတ်သက်၍ ထပ်ဆင့်ဆောင်ရွက်မှုများသည် မည်သူ့ကိုမျှ အကျိုးမပြုသည့်လုပ်ရပ်များဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ယမန်နှစ်က ထုတ်ပြန်ကြေညာခဲ့သည့် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေပြဋ္ဌာန်းနိုင်ရန် အဆင့်ဆင့်လုပ်ဆောင်နေမှုကို အမေရိကန်ပြည်ထောင်စုက ကောင်းစွာသိရှိပြီးဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံနှင့် မြန်မာပုဂ္ဂလိကဘဏ်နှစ်ခုအား အရေးယူမှုများပြုလုပ်ရန် စီစဉ်နေခြင်းသည် တရားမျှတမှုမရှိသည့်အပြင် အမြော်အမြင်မရှိသည့် လုပ်ရပ်သာဖြစ်သည်ဟု ရှုမြင်ပါသည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက မည်သို့ပင်ပြောဆိုလုပ်ဆောင်စေကာမူ မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းပြီးဖြစ်သော တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဤကိစ္စနှင့်ပတ်သက်၍ စိတ်ကောင်းထားပြီး ကူညီဆောင်ရွက်ပေးလိုသည့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**ရန်ကုန်မြို့။**
**ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်**

## မြန်မာ့ရုပ်မြင်သံကြား

**၂၉-၁၁-၂၀၀၃ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | စားကြမယ်ဟော့ကောင်းကောင်း |
| ၈:၀၅ | ၆။ | အရေးပြိုင်ပွဲ |
| ၈:၁၀ | ၇။ | အကပဒေသာ |
| ၈:၂၀ | ၈။ | ပုလင်းရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Grammar Made Easy |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | အစီအစဉ်အဖွင့် |
| ၁၁:၀၅ | ၂။ | ပြည်တွင်းသတင်း |
| ၁၁:၁၅ | ၃။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၃:၁၅ | ၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** အပိုင်း-၁၉ |
| ၁၃:၅၅ | ၅။ | **"အကြွင်းမဲ့ လုံခြုံရာ၌"** (ကျော်သူ၊ သူထူးစံ၊ ရတနာခင်၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-သက်တင်) |
| ၁၄:၄၅ | ၆။ | International News |
| ၁၅:၀၀ | ၇။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English For Everyday Use |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (မြန်မာစာ) |
| ၁၇:၁၅ | ၆။ | နှားဝင်ပီယံသူလက်သံ |
| ၁၇:၂၅ | ၇။ | (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင်လေ့ကျင့်မှု (သေနတ်ပစ်) |
| ၁၇:၄၀ | ၈။ | တေးဂီတအစီအစဉ် |
| ၁၇:၅၅ | ၉။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၈:၁၅ | ၁၀။ | စားကြမယ်ဟော့ကောင်းကောင်း |
| ၁၈:၃၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၃။ | Discovery |
| ၁၉:၂၅ | ၁၄။ | တေးဂီတအစီအစဉ် |
| ၁၉:၄၀ | ၁၅။ | စာအုပ်ဈေးပွဲတော်နှင့်ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | ရုပ်မြင်သံကြားဇာတ်လမ်း **"အမေမပြောလိုတဲ့ အိပ်ရာဝင်ပုံပြင် (အပိုင်း-၂)"** (ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ အောင်ခိုင်၊ ဆုပန်ထွာ၊ မျိုးသန္တာထွန်း၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-ရိုးရိုး) |

## သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) (၁၀)ရက်တရားစခန်းကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာတွင် သာသနာ့ဗိမာန်ရိပ်သာ ပဓာနနာယကနှင့် မဟာစည်နာယကဆရာတော်ဘဒ္ဒန္တဝါယာမာဝုဓ (မဟာကမ္မဋ္ဌာနာစရိယ) ကိုယ်တိုင် ဒီဇင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ၁၀ ရက်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအတွက် စရိတ်ငြိမ်း စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ပါရန် စီစဉ်ထား၍ တရားဝင်မည့် ယောဂီများသည် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သာသနာပြု လှူဒါန်းလိုသူများသည် သာသနနုဂ္ဂဟအဖွဲ့ ဖုန်း-၆၄၁၃၂၄၊ ဦးမောင်မောင်လတ်-ဒေါ်တင့်တင့် (ဘုရင်သက်န်းတိုက်) ဖုန်း- ၇၂၈၀၉၈၊ ဦးသိုက်ထွန်း ဖုန်း-၆၄၁၁၇၉၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၅၃၈၇၃၁ နှင့် ဒေါ်အေးအေး ဖုန်း-၆၄၃၅၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနှင့်စင်ကာပူ ဘောလုံးပွဲစဉ် ယနေ့ယှဉ်ပြိုင်မည်

**သတင်းဆောင်းပါး - ကိုထွေး**




**ရန်ကုန် နိုဝင်ဘာ ၂၈**

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပွဲစဉ်များကို နိုဝင်ဘာ ၂၉ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မလေးရှားနှင့် ကမ္ဘောဒီးယား၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာနှင့်စင်ကာပူတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းသည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားရာ အဖွဲ့ဝင် ၂၅ ဦးလိုက်ပါသွားကြသည်။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် နည်းပြချုပ် ဦးတင်ဟန်၊ လက်ထောက်နည်းပြ ဦးတင်မြင့်အောင်၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦး၊ အသင်းဆရာဝန် ဒေါက်တာစောသိန်းဝင်းတို့လိုက်ပါဆောင်ရွက်ကြသည်။

အားကစားသမား ၂၀ ပါဝင်ရာ (ဂိုး)အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်၊ (နောက်တန်း) ဇော်လင်းထွန်း(၁)၊ ဇော်လင်းထွန်း(၂)၊ ခင်မောင်ထွန်း၊ ငွေအောင်၊ ကျော်ခိုင်ဝင်း၊ စိုးလင်းထွန်း၊ အောင်ကျော်မြင့်၊ (အလယ်တန်း) စိုးမြတ်မင်း၊ သက်နိုင်စိုး၊ လွင်ဦး၊ အောင်ကျော်မိုး၊ တင့်နိုင်ထွန်း သိန်း၊ လာကျဲအိုလွယ်၊ အောင်ကျော်ထွန်း၊ (ရှေ့တန်း)ကျော်သူရ၊ ရန်ပိုင်၊ ဇော်ဇော်နှင့်ဇော်ထိုက်တို့ပါဝင်ကြသည်။

### ပြန်လည်ဆုံတွေ့

အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် စင်ကာပူလက်ရွေးစင်ဘောလုံးအသင်းတို့မကြာခဏဆိုသလိုရေစက်ဆုံလေ့ရှိသည်။ ၁၉၉၃ ခုနှစ် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် စင်ကာပူ လက်ရွေးစင်ဘောလုံးအသင်းတို့ အကြိုဗိုလ်လုပွဲစဉ်၌ ဆုံတွေ့ခဲ့ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင်အနိုင်ရရှိပြီးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ အောင်မြင်မှုနှင့်ကာလအတန်ကြာ ဝေးကွာနေခဲ့သော မြန်မာဘောလုံးအသင်းသည် ထိုအကြိမ်တွင် ဒုတိယ ငွေတံဆိပ်ရရှိပြီး တစ်ကျော့ပြန်အောင်မြင်မှုရရှိခဲ့သည်။

သို့သော်လည်း ၁၉၉၅ခုနှစ် (၁၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စတုတ္ထသာရရှိခဲ့သည်။ ၁၉၉၇ခုနှစ် (၁၉)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစတင်၍ မြန်မာအသင်းအကြိုဗိုလ်လုပွဲသို့မတက်ရောက်နိုင်ဘဲဖြစ်ခဲ့ရာ ပြီးခဲ့သည့် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန်အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

ထိုစဉ်က အုပ်စုတွင်းပွဲစဉ်၌ မြန်မာအသင်းနှင့်စင်ကာပူအသင်းတို့ ဆုံတွေ့ခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အနိုင်ဂိုးနှစ်ဂိုးကို ရန်ပိုင်ကသွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ရရှိခဲ့သည်။

### အုပ်စုတက်ရေးအရေးပါ

မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့၏ ယနေ့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် အုပ်စုတက်ရေး အရေးပါသော ပွဲစဉ်ဖြစ်နေသည်။ အုပ်စု(ခ)တွင် မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားတို့ ပါဝင်နေရာ အုပ်စုပထမနှင့် ဒုတိယနေရာကို မြန်မာ၊ စင်ကာပူနှင့် မလေးရှားတို့ အပြိုင်လုရမည်ဖြစ်သည်။

မြန်မာနှင့် စင်ကာပူပွဲတွင် အနိုင်ရသူသည် အုပ်စုတက်ရန် သေချာသလောက်ရှိသွားမည်ဖြစ်သည်။ ကမ္ဘောဒီးယားက အမှတ်ဝေပေးမည့် အနေအထားဖြစ်နေရာ ပွဲဦးထွက်၌ သုံးမှတ်အပြည့်ရထားပါက ကမ္ဘောဒီးယားကိုနိုင်ရန် မခက်တော့ဘဲ (၆) မှတ်ရရှိပြီး အုပ်စုတက်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာလူငယ်နှင့် စင်ကာပူလူငယ်တို့ ဆုံတွေ့ခဲ့သည့် ယှဉ်ပြိုင်မှုမှတ်တမ်းအရလည်းကောင်း၊ (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းက စင်ကာပူအသင်းကို အနိုင်ရရှိခဲ့သည့် အနေအထားအရလည်းကောင်း မြန်မာအသင်းက အလေးသာလျက်ရှိကြောင်း ဖော်ပြလိုက်ရပေသည်။ ။

**(မြန်မာ့အလင်း)**

## တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

၂၀၀၃ ခုနှစ် (၄၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (က)အုပ်စု (ရတခ)ဇုန် မော်လမြိုင်မြို့၌ ကျင်းပသောပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု (နတခ) ဇုန် ပုသိမ်မြို့၌ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု (နမခ) ဇုန် မုံရွာမြို့၌ကျင်းပသောပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ) အုပ်စု (လပခ) ဇုန် မန္တလေးမြို့၌ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု (တပခ)ဇုန် တောင်ငူမြို့၌ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အယ်လ်ဘေးနီးယားနိုင်ငံဝန်ကြီးချုပ်ထံသဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖာတို့စ်၊နာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး** General Thammarak Isarangura **ခေါင်းဆောင်သည့် အဖွဲ့ဝင်များ ရွှေစည်းခုံစေတီတော်တွင် လှည့်လည်ဖူးမြော်စဉ်။ (သတင်းစဉ်)**



# စီးပွားကူးသန်း ရှေ့သို့လှမ်း

# ထိုင်းကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များ ပုဂံ–ညောင်ဦးနှင့်မန္တလေးမြို့၌လေ့လာကြပြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်အေးမြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Col. Kasem Nakpunနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီမိနစ် ၅၀တွင် မန္တလေးတိုင်း ပုဂံ–ညောင်ဦး လေဆိပ်သို့ရောက်ရှိကြသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် ညှော့သည်တော်ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်အား ပန်းများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့မှတစ်ဆင့် ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ရောက်ရှိကြပြီး အာနန္ဒာဘုရားအားပန်း၊ ရေချမ်းများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကာ ရှေးဟောင်းပုဂံခေတ်လက်ရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ရုပ်ပွားဆင်းတုတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ညှော့သည်တော်ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှူး ဦးမြင့်စိုးအောင်က ကြိုဆိုပြီး ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသသည်။

**တည်ခင်းညှော့ခံ**

ထို့နောက် ညှော့သည်တော်ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ပုဂံဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းညှော့ခံသည်။

ထိုမှတစ်ဆင့် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့မှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဦးနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ–ညောင်ဦးလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isaranguraခေါင်းဆောင်သည့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့်တာဝန်ရှိသူများလိုက်ပါ၍ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isaranguraနှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းတော်များကို ကပ်လှူပူဇော်ကြသည်။

ထိုမှတစ်ဆင့် ညှော့သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ညှော့သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များအား မြေနန်းစနုဆောင်၌ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်က မြနန်းစံကျော် ရွှေနန်းတော်သမိုင်းအကျဉ်းကိုရှင်းလင်းပြောကြားသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဆက်လက်၍ ညှော့သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သီဟာသနပလ္လင်၊ မြနန်းစံကျော် ရွှေနန်းတော်၏သမိုင်းဝင် ဓာတ်ပုံများ၊ မြနန်းစံကျော် ရွှေနန်းတော်ရှိ အရှေ့ဇေတဝန်ဆောင်၊ တောင်ထားဝယ်ဆောင်၊ ရွှေတိုက်ဆောင်၊ ဗောင်းတော်ဆောင်၊ မှန်နန်းဆောင်စသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများဖြင့် တည်ဆောက်မွမ်းမံ ပြသထားသည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး မြနန်းစံကျော် ရွှေနန်းတော်၏ မြန်မာ့အနုပညာလက်ရာ အဆောက်အအုံများကို နောက်ခံပြုကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်ညှော့သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura သည် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ညှော့သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အမှတ်တရလက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ဆက်လက်၍ ညှော့သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီ ၁၀မိနစ်တွင် မန္တလေးတောင်ပေါ်သို့ ရောက်ရှိကြပြီး မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့် ကကုသန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး ကိုးနဝင်းစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ပူဇော်ကြသည်။

ဆက်လက်၍ ညှော့သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်ပေါ်မှ မန္တလေးမြို့၏ သာယာလှပသော ညနေရှုခင်းအလှနှင့်မန္တလေးမြို့၏ နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုကြသည်။

ညပိုင်းတွင် ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့်အဖွဲ့ဝင်များအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ညှော့ရိပ်သာ၌ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညှော့ခံသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် နှင့်ညှော့သည်တော်ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ညှော့သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်သည် ယနေ့ နံနက် ၆နာရီ၄၅မိနစ်တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမဆောင်သို့သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့်အတူ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၇နာရီမိနစ် ၅၀တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

ယင်းနောက် ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် နံနက် ၈နာရီ၁၅မိနစ်တွင် အထူးလေယာဉ်ဖြင့်မန္တလေးမြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ညှော့သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်အေးမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး** General Thammarak Isarangura **ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ပုဂံဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းညှော့ခံပွဲတွင် အပြန်အလှန်လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)**

## အထက(၁)မရမ်းကုန်း(သမိုင်းမြို့မကျောင်း) သက်ကြီးအာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

အထက(၁)မရမ်းကုန်း(သမိုင်းမြို့မကျောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပရန်စီစဉ်ထားသည်။

အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုသူများသည် ဒေါ်ခင်လှ ဖုန်း–၆၆၇၄၄၃၊ ဦးမြတ်စိုး(လှိုင်) ဖုန်း–၆၆၃၅၀၅၊ ဒေါ်ခင်မြ ဖုန်း–၆၅၁၅၈၉၊ ဦးတင်ဝင်း ဖုန်း–၆၆၇၅၁၁၊ ဦးမြတ်ထွန်း ဖုန်း–၆၆၂၀၁၅၊ ဦးမောင်မောင်သိန်း ဖုန်း–၆၉၀၁၃၅၊ ဒေါက်တာ အောင်မြတ်သိန်း ဖုန်း–၆၅၁၅၂၆၊ ဦးတင်မြင့် ဖုန်း–၆၆၆၈၄၃၊ ဦးကြည်ဝင်း– ဒေါ်အေးအေးလှိုင် ဖုန်း–၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ယာဉ်မောင်းနှင့်စက်ပြုပြင် သင်တန်းများဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

နယူးအာရှ သင်တန်းကျောင်း၌ အစွယ်ရောက်သူတိုင်း ယာဉ်မောင်းတတ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ အခြေခံယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းအတွက် တစ်လပုံမှန်သင်တန်းနှင့် ၁၀ ရက်အမြန်သင်တန်း၊ စက်ပြင်အထူးသီးသန့် နှစ်လသင်တန်း၊ အဲယားကွန်းနှင့်ရေခဲသေတ္တာပြုပြင်ခြင်း တစ်လသင်တန်း၊ လျှပ်စစ်ဂဟေဆက်ခြင်း တစ်လသင်တန်းများကို ဝါရင့်ကျွမ်းကျင်ဆရာ ဆရာမများဖြင့် တစ်ဦးချင်း စာတွေ့၊လက်တွေ့ စနစ်တကျ သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းအပတ်စဉ်(၅၀)ကို ဒီဇင်ဘာ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် အမှတ် (၉၅၃) ရွှေနှင်းဆီလမ်း ၈ မိုင်ခွဲ (မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ် ရန်ကုန် ဖုန်း–၆၆၁၈၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## အထက(၄)စမ်းချောင်း မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

အထက(၄)စမ်းချောင်းတွင် ၁၉၆၇ မှ ၁၉၇၃ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမဟောင်းကြီးများနှင့် ၁၀ နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ပြီး ကျောင်းမှပင် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီး ၂၉ ဦးတို့အား ဒသမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ အမှုဆောင်အဖွဲ့ ဖုန်း–၅၂၅၈၂၃၊ ၇၀၄၆၂၆ သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၀–၁၁–၂၀၀၃)ရက်နေ့
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွက်
(၁၄–၁၂–၂၀၀၃)ရက်နေ့
နှင့်
(၂၈–၁၂–၂၀၀၃)ရက်နေ့

## ဒါတွေကိုသိဖို့လိုတယ်

- မြောက်တိုင်းလည်း မမြောက်နဲ့
- ခြောက်တိုင်းလည်း မကြောက်နဲ့
- ချော့တိုင်းလည်း မပျော့နဲ့

## မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း ဓာတ်ရောင်ခြည်အဖွဲ့ငယ်၏ ပဉ္စမအကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၅ရက်နှင့် ၆ရက် တို့တွင် မြန်မာနိုင်ငံဆရာဝန်များအသင်း ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များနှင့် ဓာတ်မှန်ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သားငါးပွဲ့ပြုံး ပြည့်အကျိုး

# လူ့အခွင့်အရေး(Human Right) ဆိုင်ရာလမ်းနှစ်သွယ်

**အောင်မိုးခံ**

ဒီကနေ့ နိုင်ငံတကာနယ်ပယ်တွင် (Human Right) လူ့အခွင့်အရေး ဆိုင်ရာ သဘောထားအမြင်နှစ်ရပ် ထင်ရှားစွာပေါ်ပေါက်နေပါတယ်။ ဘယ်ဟာမှားတယ်၊ ဘယ်ဟာမှန်တယ်ဆိုတာကို လက်တွေ့ဘဝမှာ မှတ်ကျောက်တင် အဖြေရှာရမယ် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ "Philosophers have only Interpreted the world in various way, The Point however is to change it."

အဘိဓမ္မာဆရာတို့ဟာ ကမ္ဘာကြီးအကြောင်းကို အမျိုးမျိုးသောနည်းတို့ဖြင့် အဓိပ္ပာယ်တွေ ပေးခဲ့ကြလေပြီ။ သို့သော် အချက်အချာဟာ ကမ္ဘာကြီးကို ပြောင်းလဲပစ်လိုက်ဖို့ ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကြောင့် ဖြစ်ပါတယ်။ ဒီသဘောထားအမြင်နှစ်ရပ်ကို ကြည့်မယ်ဆိုရင် (၁)ပထမသဘောထားအမြင်ဟာ လူ့အခွင့်အရေးဆိုတာ လူ့လွတ်လပ်ခွင့် ဖြစ်တယ်၊ လူတွေရဲ့ နိုင်ငံရေး လွတ်လပ်ခွင့် ဖြစ်တယ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းပါ လွတ်လပ်မှုဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ခွင့်တွေသာ ဖွင့်ပေးလိုက်ရင် တိုးတက်သွားမယ်လို့ ခံယူတယ်။

ဒုတိယ သဘောထားအမြင်ကျတော့ လူ့အခွင့်အရေးဟာ လူတွေရဲ့ အခြေခံစားဝတ်နေရေး ကုန်ထုတ်လုပ်ရေးဖြစ်တယ်။ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနဲ့အတူသာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်လာနိုင်တယ်။ လူ့အခွင့်အရေးကို လူမှုရုပ်ဘဝ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အတူသာ ခံစားနိုင်တယ်။ လွတ်လပ်မှုတွေ ဖွင့်ပေးလိုက်ရုံနဲ့၊ ဥပဒေတွေ ပြဋ္ဌာန်းပေးလိုက်ရုံနဲ့ လူ့အခွင့်အရေးတွေ ပြည့်စုံမလာနိုင်။ လွတ်လပ်ပြီးငတ်နေတဲ့ လူတစ်ယောက်ကို လူ့အခွင့်အရေးရှိတယ်လို့ မဆိုနိုင်သလို လွတ်လပ်မှုရှိပြီး ငတ်မွတ်ခေါင်းပါးနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကိုလဲ လူ့အခွင့်အရေး ရှိပြီလို့ ဆိုနိုင်မယ်မဟုတ်လို့ ခံယူတယ်။

ဒီအမြင်နှစ်ရပ်ကို အနှစ်ချုပ်ကြည့်မယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံတဲ့လမ်းနဲ့ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို အခြေခံတဲ့ လမ်းရယ်လို့ ခွဲခြားနိုင်ပါတယ်။ လူ့အခွင့်အရေးဟာ အမှန်ပင်လိုပါတယ်။ ဒီနှစ်ခုမှာ အကြောင်းရင်းနဲ့ အကျိုးဆက်ဖြစ်ပေါ်မှုတွေကို ခွဲခြားမယ်ဆိုရင် ဒီကနေ့ ကမ္ဘာကြီးဟာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကို လျှောက်လှမ်း ပြောင်းလဲတာ ဖြစ်ပါတယ်။ တစ်ပါတည်းမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး တွေလဲ လိုက်ပါတိုးတက်လာတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျောက်ခေတ်၊ သံစပေါ်တဲ့ခေတ် လူ့အခွင့်အရေးထက် လက်မှုအတတ်ပညာခေတ် လူ့အခွင့် အရေးက ပိုမိုသာလွန်လာတယ်။ လက်မှုအတတ်ပညာခေတ် လူ့အခွင့် အရေးထက် စက်မှုနည်းပညာခေတ် လူ့အခွင့်အရေးက ပိုမိုသာလွန်လာ တယ်ဆိုတာ အထင်အရှားပင် ဖြစ်ပါတယ်။

အမှန်က လူ့အဖွဲ့အစည်းတစ်ရပ်ဟာ အခြေခံအဆောက်အအုံ (Infra Structure) ဖြစ်တဲ့ လူတွေရဲ့ စားဝတ်နေရေး စီးပွားရေးကုန်လုပ်စွမ်းအား စုတွေ တိုးတက်ပြောင်းလဲလာမှုနဲ့အတူသာ အပေါ်ထပ်အဆောက်အအုံအဖြစ် (Super Structure) ဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ လူ့အခွင့် အရေး၊ ဒီမိုကရေစီရေး၊ ယဉ်ကျေးရေးတွေလဲ လိုက်ပါပြောင်းလဲတိုးတက်လာ ပါတယ်။

ဒီအမြင်နှစ်ရပ်တွင် ပထမသဘောထားအမြင်ကို အမေရိကန်နဲ့ အနောက် အုပ်စုနိုင်ငံတွေက ကျင့်သုံးအကောင်အထည်ဖော်နေပြီး ဒုတိယသဘောထား အမြင်ကို အာရှနိုင်ငံအများစုကြီးကို ကျင့်သုံး အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒီကနေ့ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံအပေါ် အင်အားသုံး ကျူးကျော်သိမ်းပိုက်ထားတဲ့ အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းပါတွေဟာ အခြေခံစီးပွားရေးကုန်လုပ်စွမ်းအားစုတွေ တိုးတက်အောင် ဦးစွာမလုပ်ဘဲ ဒီမိုကရေစီ မထူထောင်နိုင်ဆိုတာကို ကြုံတွေ့နေရပြီး ဖြစ်ပါတယ်။ ဒါကြောင့်လဲ ဒီနိုင်ငံတွေကို ကျူးကျော်သိမ်းပိုက်ထားမှုဟာ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေအဖို့ ကျားမြီးဆွဲသလို ကြုံနေရတာ ဖြစ်ပါတယ်။ သူတို့ဟာ ဘဝကိုမေ့ပြီး ဦးတည်ချက်ပျောက်သွားတဲ့အတွက် ဒီအမှားမျိုးကို ကျူးလွန်တာ ဖြစ်ပါတယ်။ သူတို့နိုင်ငံတွေကိုယ်တိုင်၊ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ တိုးတက်လာမှုနဲ့အတူသာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက် လာတယ်ဆိုတာကို မေ့နေကြလို့ ဖြစ်ပါတယ်။

၁၉၂၀ ပြည့်နှစ်ကျမှသာ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ အမှတ်(၁၉) ပြင်ဆင်ချက်ကို အတည်ပြုထည့်သွင်းပြီး အမျိုးသမီးများမဲဆန္ဒ ပေးခွင့်ရှိလာတယ်။ ၁၉၆၀ ပြည့်လွန်နှစ်များကစပြီး အမျိုးသမီးများမဲဆန္ဒ ပေးမှုအပေါ် ဆန့်ကျင်မှုများ သိသာစွာလျော့နည်းကျဆင်းလာခဲ့တယ်။ အဲဒီကာလ တုန်းက 'အမျိုးသမီးတစ်ယောက်ရဲ့ နေရာဟာ အိမ်ဖြစ်တယ်' ဆိုတဲ့စကားကို အမေရိကန်များစွာတို့ ယုံကြည်လက်ခံထားဆဲ ဖြစ်တယ်။ အမေရိကန်ပြည်ထောင် စုဟာ ၁၉၅နှစ်ကျော်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၆ ကြိမ် ပြင်ခဲ့တယ်။

အခွင့်အရေးဥပဒေမူကြမ်း (Bill of the Right)ခေါ် ပထမဆုံးပြင်ဆင် ချက် ၁၀ချက်ဟာ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ လွတ်လပ်မှု(လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နဲ့ လွတ်လပ်စွာစုရုံးခွင့်၊ တရားမျှတစွာစီရင် စစ်ဆေးခွင့်၊ လူတစ်ဦးတစ်ယောက်ရဲ့ အိုးအိမ်လုံခြုံမှု)နှင့် ပတ်သက်လို့ အာမခံချက်ပေးထားတဲ့ ဥပဒေပြင်ဆင်ချက်များ ဖြစ်ပါတယ်။ နောင်ဖြည့်စွက်တဲ့ ပြင်ဆင်ချက်များဟာ ကျေးကျွန်စနစ်ကို အဆုံးသတ်စေခဲ့ပြီး လူမျိုးရေးအပေါ် အခြေခံတဲ့ အခွင့်အရေးဆုံးရှုံးမှုများကို ပိတ်ပင်ဟန့်တားခဲ့တယ်။ အမျိုးသမီးများ နဲ့ ကိုလံဘီယာဒီစတြိတ် (District of Columbia) တွင် နေထိုင်သူများ အားလဲ မဲဆန္ဒပေးပိုင်ခွင့် ရရှိစေခဲ့တယ်။ ဒါ့အပြင် အသက် ၁၈နှစ်ပြည့်သူ တိုင်းလဲ မဲပေးခွင့် ရရှိလာတယ်။

အဲဒီလို မိမိတို့ဘဝဖြစ်စဉ်ကို မေ့နေပြီး ဦးတည်ချက်ပျောက်ကုန်တဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေဟာ မိမိတို့ကိုယ်တိုင် အရင်းရှင် ဒီမိုကရေစီနိုင်ငံအဖြစ် ခံယူရပ်တည်နေပြီး အရင်းရှင်ဒီမိုကရေစီစနစ်သို့ ကူး ပြောင်းလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ပိတ်ဆို့ချေမှုန်းတယ်။ မြေရှင်စနစ်သြဇာခံ အဖြစ် ဖန်တီးတယ်။ အချို့နိုင်ငံတွေအပေါ် အင်အားသုံး ကျူးကျော်စစ် ဆင်နွှဲတယ်၊ အချို့နိုင်ငံတွေအပေါ် စီးပွားပျက်အောင် နည်းမျိုးစုံပိတ်ဆို့အရေး ယူတယ်။ အခုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေး (အရင်းရှင် စနစ်)သို့ ကူးပြောင်းလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် အခွင့်အခါကောင်းယူပြီး၊ ဖေးမတွဲခေါ်ကူညီထောက်ပံ့ပြီး ကမ္ဘာ့ဈေးကွက်ကြီး စည်ပင်ဖွံ့ဖြိုးရေးနဲ့ ငြိမ်း ချမ်းရေးကိုသာ ကြိုးပမ်းသွားရမယ် ဖြစ်ပါတယ်။

ဘာကြောင့် အဲဒီလို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေဟာ ကိုယ့်မျိုးဆက်ကို ကိုယ်ချေဖျက်နေသလဲဆိုရင် သူတို့နိုင်ငံတွေမှာ အရင်းရှင် စနစ် ဂုဏ်အင်္ဂါတွေ လွင့်ပါးကုန်နေပြီး လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေး မြေရှင်စနစ်ကြီးစိုးလာလို့ ဖြစ်တယ်။ ဒုတိယသဘောထားအမြင်ရှိတဲ့ အာရှနိုင်ငံ အများစုတို့က လူ့အခွင့်အရေးဟာ စကြဝဠာကို စိုးမိုးနိုင်တယ်ဆိုတဲ့ အယူအဆ ကို လက်ခံတယ်။ ဒါကြောင့် စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ် ပေါ်ရေးဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံး သော မှတ်ကျောက်ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ခံယူကျင့်သုံးတာ ဖြစ်ပါတယ်။

ကမ္ဘာမှ ဒီကနေ့ တတိယမြောက်လူသားပါတဲ့ အာကာသယာဉ်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့တဲ့ တရုတ်ပြည်ကြီးဟာလဲ ဒီလူမှုသိပ္ပံတရားကို ခံယူပြောင်းလဲနေတာ ဖြစ်ပါတယ်။ ၁၄-၆-၉၃ရက်နေ့ တိုင်းမ်မဂ္ဂဇင်းနဲ့ တွေ့ဆုံ ဆွေးနွေးရာတွင် စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူကလဲ လူ့အခွင့် အရေးအပေါ် အာရှရဲ့အမြင်တွေ အခုလို ရှင်းပြခဲ့ဖူးပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒီမိုကရေစီပြုပြင်ရေးတွေလုပ်ရာမှာ အဓိက ပြဿနာ တွေ ဘာလဲဆိုတဲ့ မေးခွန်းကို မစ္စတာလီက "ဗြိတိန်၊ အမေရိကန်တို့လို ဒီမိုကရေစီ အရင့်အမာကြီးတွေဆိုတာလဲ လူတိုင်း မဲဆန္ဒပေးခွင့်နဲ့ စခဲ့တာ မဟုတ်ပါ။ ပထမအခြေခံပစ္စည်းပိုင်ဆိုင်မှုတွေ၊ နောက်ပိုင်းမှာ ပညာအရည် အချင်းတွေနဲ့မဲပေးခွင့်ရခဲ့ကြတယ်။ တဖြည်းဖြည်းနဲ့ နိုင်ငံမှာ အသိပညာရော၊ ဥစ္စာခနေပါ ပြည့်စုံလာမှသာ မဲပေးခွင့်ဟာ အောက်ခြေအလုပ်သမားအထိ ရောက်လာတယ်။ တရုတ်လို တိုင်းပြည်ကြီးမျိုးမှာ နှစ်မျိုးနှစ်စား ခွဲခြား ကျင့်သုံးသင့်တယ်။ မြို့တွေလို ပညာတတ်လူဦးရေများတဲ့ နေရာတွေမှာ တိုက်ရိုက် ကိုယ်စားလှယ်ပြု ရွေးချယ်ခွင့်ပေးရမယ်။ ပညာအရည်အချင်း နိမ့်တဲ့ ကျေးလက်မှာတော့ သွယ်ဝိုက်ကိုယ်စားလှယ်ပြုတဲ့စနစ် ကျင့်သုံး ရမယ်"လို့ ဖြေခဲ့တယ်။

အာရှတိုင်းပြည်များဟာ အနောက်လစ်ဘရယ်ဒီမိုကရေစီနဲ့ အရှေ့တိုင်း အာဏာရှင်စနစ်တို့အကြား ခုလပ်မှာရှိတယ်လို့ မြင်သလား ...ဆိုတဲ့ မေးခွန်းကို မစ္စတာလီက "ဒီလိုကွဲလွဲခွင့်ပြုပါ၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ တောင်ကိုရီးယား၊ စင်ကာပူတို့ဟာ အမေရိကန်-ဥရောပပုံစံတူလုပ်နေလို့မမြင်ပါ။ သူတို့အစဉ် အဆက် ကျင့်သုံးလာတာကို လုံးလုံးစွန့်ပစ်ရိုး လူ့အဖွဲ့အစည်းတွေမှာမရှိပါ။ လက်ရှိ အနေအထားထက်တော့ ပိုကောင်းအောင် ကြိုးစားကြမှာပါ။ သူတို့ လူမှုစီးပွားရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရင် အသုံးပြုမှာပဲ။ အမေရိကန် ပုံစံယူတဲ့ ဖိလစ်ပိုင် မအောင်မြင်ပါ" ...လို့ဖြေခဲ့ပါတယ်။ လူ့အခွင့်အရေးအပေါ် ကောလို့ မေးမြန်းတဲ့အခါ မစ္စတာလီက "အာရှမှာ ချမ်းသာကြွယ်ဝချိန်ဖြစ်စေ၊ ဒုက္ခရောက်ချိန်ဖြစ်စေ ပုဂ္ဂလိကအခန်းဟာ လူ့အဖွဲ့အစည်းထက် ပိုလွန်တန်ဖိုး မရှိခဲ့ပါ။ လူ့အဖွဲ့အစည်းဟာ ပုဂ္ဂလိကထက် ပိုတန်ဖိုးရှိခဲ့တာချည်းပဲ။ ဒီအချက် ဟာ အာရှကို ဒုက္ခဆင်းရဲကြီးမှ ကယ်တင်ခဲ့တယ်လို့ထင်တယ်"လို့ ဖြေခဲ့ပါ တယ်။ လူ့အခွင့်အရေးကြေညာချက်မှာပါပေမယ့် လွတ်လပ်စွာပြောဆိုစုဝေးခွင့် တွေဟာ မိမိတို့ယဉ်ကျေးမှုမှာ မပါဘူးလို့ အာရှသားအချို့က ပြောနေပါလား ဆိုတဲ့ မေးခွန်းကို မစ္စတာလီက "သမိုင်းကိုပြန်ကြည့်ရအောင်၊ ဒီကြေညာ ချက်ကို ဒုတိယကမ္ဘာစစ်မှာ အောင်နိုင်တဲ့မဟာမိတ်တွေ ဆွဲခဲ့တာဖြစ်တယ်။ ကျန်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေလဲ အသိသက်သေသဘောလောက် လက်မှတ် ထိုးခဲ့ကြတာပါ။ ဒါပေမယ့် လူ့အခွင့်အရေးရှိမှ အကူအညီပေးမယ်ဆိုတဲ့မူကို ကျင့်သုံးလာရင်တော့ အခြေအနေတွေဟာ တစ်မျိုးဖြစ်ကုန်လိမ့်မယ်။ အခုအခါ အဲဒီကြေညာချက်ကို အလေးအနက်သုံးသပ်လာကြပြီ၊ အာရှမှာဆိုရင် ခြားနားတဲ့ ပုံစံတစ်ရပ်ကို စမ်းသပ်ကြည့်ခဲ့ကြပြီ"လို့ ဖြေခဲ့တယ်။

လူ့အခွင့်အရေး ပုံစံအမျိုးမျိုးရှိသလား၊ အာရှပုံစံကို ကုလသမဂ္ဂမှာ တင်မှာလား၊ ဗီယင်နာကွန်ဖရင့်မှာ တင်မှာလား ...လို့မေးတဲ့အခါ မစ္စတာ လီက "အာရှပုံစံဟာ ဦးစားပေးမှုမတူတဲ့ ပုံစံတစ်မျိုးပါပဲ။ လူ့အခွင့်အရေးကို မငြင်းပယ်ပါ။ ဘယ်သူမှနိုပ်စက်ကလူပြုတာ မှန်တယ်လို့ မပြောပါ။ လူ့အခွင့် အရေးစံတွေဟာ ကမ္ဘာ့စံတွေဖြစ်လာပါလိမ့်မယ်။ ကမ္ဘာ့စံဖြစ်အောင် ပြုပြင်ဖို့ အချို့တော့လိုတယ်။ ဒါဟာ နောက် ၁၅နှစ်၊ အနှစ် ၂၀အတွင်း ပေါ်လာ လိမ့်မယ်"လို့ဖြေခဲ့ပါတယ်။

ဒါကြောင့် အခုလို (Humam Right) လူ့အခွင့်အရေးဆိုင်ရာ လမ်းနှစ်သွယ်တွင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ဒုတိယလမ်း (အာရှနိုင်ငံအများစု ရွေးချယ်တဲ့လမ်း)ကိုသာ ရွေးချယ်ကျင့်သုံးရမယ်ဖြစ်တယ် ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

## စားသောက်ဆိုင် နှစ်ပတ်လည် အထူးနှုန်းဖြင့်ရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းကွင်း မြောက်ဘက်တန်းရှိ တင်းလိဂျပန်စားသောက်ဆိုင်မှ ဂျပန်အစားအစာအမျိုးမျိုးနှင့် အထူးလူကြိုက်များသော ဂျပန် အာဟာရ ခေါက်ဆွဲတို့ကို ဆိုင်ဖွင့်ပွဲငါးနှစ်မြောက် အထိမ်းအမှတ်အဖြစ် အထူးနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်မြို့တွင် လူကြိုက်အများဆုံးဖြစ်သော ဂျပန်အာဟာရ ခေါက်ဆွဲနှင့် အသင့်လွယ်ကူစွာ စားသုံးနိုင်သော လူကြိုက်များသည့် Bento Box ခေါ် ဂျပန် ထမင်းဘူးတို့ကို ၃၀ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးလျက်ရှိသည်။ အထူးမှာယူ စားသုံးလိုသူများ၊ အဖွဲ့အစည်းအလိုက် စားသုံးလိုသူများအား သီးသန့်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စားသုံးလိုသူများသည် ဖုန်း-၂၈၂၉၈၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆွေးနွေးမှာကြား

**နိုဝင်ဘာ ၂၇ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း ရန်ကုန်မြို့တော်သန့်ရှင်းသာယာရေး ညှိနှိုင်းအစည်းအဝေးတွင် ပွင့်လင်းရာသီ၌ နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။**

(၂၁၀)



**မြန်မာ့ စက်ပစ္စည်းများ စာအုပ်ထုတ်ဝေ**

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာ့စက်ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများ စာအုပ်ကို မန္တလေးတိုင်း စက်မှုကြီး ကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းသက်သာအဖွဲ့က ထုတ်ဝေလိုက်သည်။ ယင်းစာအုပ်ကို Media Express Group ညောင်လေးပင် ပလာဇာ လမ်းမတော်မြို့နယ်နှင့် စာအုပ်ဆိုင်များ၌ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဘိုးဒြဲချေတာ၊ ထိန်းပါလေလှင့်၊ ထုတ်ကုန်မြင့်**

# လင်းလော့လှိုင်လင် လှိုင်လင်လင်းလော့ (၃)

**ရတနာစည်ဆရာတော် (လှိုင်လင်)**

(က)

ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း၌ တည်ရှိသော စေတီတော်ကြီး။ ရန်ကုန်မြို့ရှိ ကမ္ဘာကျော် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုယ်တော်တိုင် ကောင်းကင်ခရီးဖြင့် ကြွလာကာ ပြည်ထောင်စုကျောက်တိုင်ဝင်း အတွင်း စံပယ်တော်မူနေသလောဟု ထင်ရလောက်သည့် လက်ရာမြောက်စွာ တည်ထားလျက်ရှိသော မဟာရဋ္ဌာဘိသာမင်္ဂ စေတီတော်ကြီး။

ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း တစ်လှမ်းချင်း ဝင်လာသည်နှင့်တစ်ပြိုင်နက် ရွှေရောင်တဝင်းဝင်းဖြင့် လင်းလင်းလက် တောက်ပလျက်ရှိသော ရွှေတိဂုံပုံတူစေတီတော်ကြီးကို ထီးထီးမားမား ဖူးမြင်နေရ၏။ အရပ်အစလာ ဘဂဝါအဆုံး ဘဝဂ်ချွန်းမျှ ဘုန်းတော်၊ တန်ခိုးတော်စွမ်းအားနှင့် တည်ထားကိုးကွယ်သူ နိုင်ငံတော် အစိုးရနှင့် ပြည်သူတို့၏ စေတနာစွမ်းအားတို့က ညှို့ထားပြီးဖြစ်ရာ အလိုလိုလက်အုပ်ချီမိရင်း တစ်လှမ်းချင်း လှမ်းလာရာဝယ် စေတီတော်ကြီး ခြေတော်ရင်းအရောက်တွင် ကိုးပေမြင့်သည့် ကုန်းပြင်မြင့်ပေါ်သို့ ထည်ဝါလှသော သရက်ကင်းလှေကားကြီးမှတစ်ဆင့် တစ်ထစ်ချင်း လှမ်းတက်ခဲ့၏။

ကိုးပေအမြင့် ရင်ပြင်တော်ပေါ်သို့ ရောက်ရှိလာ၍ ပေ ၆၀ တူရူလျှောက်လှမ်းမိသောအခါ ပေ၂၀အမြင့်ရှိ မုခ်ဦးတံခါးသို့ရောက်၏။ မုခ်ဦးအတွင်းသို့ ပေ၄၀ဆက်လျှောက်မိသောအခါ ပတ်ပတ်လည် အကျယ် ပေ ၁၂၀ ရှိလျက် အမြင့်ပေ၆၀မြင့်ပြီး တိုင်တစ်လုံးမျှမရှိသော အံ့ဩဖွယ် လိုဏ်ဂူအတွင်း ရောက်သွားလေတော့၏။

ဤတွင် မူလရွှေတိဂုံစေတီတော်ကြီးထက် လည်းကောင်း၊နိုင်ငံအနှံ့ တည်ထားကိုးကွယ်သောရွှေတိဂုံကိုယ်ပွားစေတီတော်များထက်လည်းကောင်း ထူးခြား အားသာသော တည်ဆောက်မှုအဖုံဖုံကို တအံ့တဩ ငေးမောနေရတော့၏။

- **မြန်မာနိုင်ငံ၌ ပထမဆုံး အဆင့်မြင့်နည်းပညာအရ တည်ဆောက်သည့် အမာခံတည်ဆောက်မှုပုံစံ (Structure Design) ဖြင့် တည်ဆောက်ထားခြင်း။**
- **အတွင်းလိုဏ်(Dome)၌ မဏ္ဍိုင်(တိုင်များ) မပါရှိဘဲ ဟင်းလင်းပြင် တည်ဆောက်ထားခြင်း။**
- **လိုဏ်ဗဟိုချက်၌ အချင်း ၂၁ ပေရှိ သံကူကွန်ကရစ်အချုပ်(Central Piece Compression Ring) ဖြင့် တည်ဆောက်ထားခြင်း။**
- **ပေ ၁၂၀အဝန်း၏ အောက်ခြေ ပြန့်ကားမသွားရန်နှင့် ကျုံ့ဝင်မသွားရန် အထူးတွက်ချက်ထားသော ဖြက် ၂၄လက်မ x၃ လက်မ ၄၀ xသံချောင်းပေါင်း ၃၆ ချောင်း ချည်နှောင်ထည့်သွင်းထားသည့် သံကူကွန်ကရစ် ရက်မကြီးများဖြင့် မြေတွင်း၌ လက်ယှက်ထိုးချုပ်ထားပြီး တည်ဆောက်ထားခြင်း။**
- **လိုဏ်အထက်၌တည်ရှိသော ရွှေတိဂုံပုံတူစေတီ ပုံစံ၏ ဖိအားမရှိစေရန် အုတ်များကို လုံးတော်ပြည့် မစီဘဲ ပုံဖော်အုတ်ဖြင့်သာ အခိုင်အခံ့ တည်ဆောက်ထားခြင်း။**

အမြွက်မျှဖော်ပြနိုင်သည့် ယင်းတည်ဆောက်ပုံ အားသာချက်များကြောင့် ဤမဟာရဋ္ဌာဘိသာမင်္ဂ ရွှေတိဂုံပုံတူစေတီတော်ကြီးသည် အဘယ်မျှ လှုပ်ခါအားကောင်းသော ငလျင်ကြီးမျိုးကိုမဆို ကြံ့ကြံ့ခံတည်ရှိတော်မူမည် ဖြစ်ရကား ကမ္ဘာမြေတည်နေသမျှမပြိုမအက်မယိုင်မလဲ ခိုင်မြဲတံ့တံ့တည်တော်မူမည့်စေတီတော်ကြီးဖြစ်ပါလေတော့၏။

(ခ)

စေတီတော်ကြီး တည်ထားခြင်းလုပ်ငန်း အလုံးစုံပြီးစီးသွားလျှင် အထက်ပါအတိုင်း အကျွရာခြယ်သနိုင်မည့် မဟာရဋ္ဌာဘိသာမင်္ဂစေတီတော်ကြီး လောလောဆယ် တည်ဆောက်ဆဲ လုပ်ငန်းခွင်ရှိရာ ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်းသို့ ၃၀–၉–၂၀၀၃ရက်စွဲ နံနက်ဇနာရီအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်လိုက်ပါလျက် ရောက်ရှိလာကြရာ ခရိုင်နှင့် မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာ ကြိုဆိုကြကုန်၏။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အေရှားဝေါလ်ကုမ္ပဏီဒါရိုက်တာဦးမောင်ကျေးကတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခဦးစန်းကြူက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများကိုလည်းကောင်း၊ မြန်မာမှုပညာရှင် ဦးအုန်းတင်က စေတီတော်ကြီး၌ ဆောင်ရွက်မည့် မြန်မာမှုလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က စေတီတော်ပရိဝုဏ် သာယာလှပရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် သုံးသပ်ပြီး ဤသို့လမ်းညွှန်မှာကြား၏။

**“အလယ်မဏ္ဍိုင်မပါဘဲ ခုံးပုံစံတည်ဆောက်မည်ဖြစ်သဖြင့် စေတီတော်ကြီးအစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီတည်ဆောက်ရေးစနစ်များ အသုံးပြု တည်ဆောက်လျက်ရှိသောကြောင့် တည်ဆောက်ရေးအပိုင်း၊ ဗိသုကာပုံစံထုတ်လုပ်မှုအပိုင်း၊ တည်ဆောက်မှုအရည်အသွေးစစ်ဆေးရေးအပိုင်း၊ ခံနိုင်ဝန်အား စိစစ်တိုင်းတာမှုအပိုင်း၊ မြန်မာမှုလက်ရာ တပ်ဆင်ရေးအပိုင်းတို့တွင် ပညာရှင်များအချင်းချင်း အမြဲမပြတ်ညှိနှိုင်းပြီး ရည်မှန်းချက် ပြည့်မြောက်အောင် ကြိုးစားဆောင်ရွက်သွားကြရန်”**

ဤမဟာရဋ္ဌာဘိသာမင်္ဂစေတီတော်ကြီး တည်ဆောက်ရေး စီမံကိန်းကို အေရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက် အကောင်အထည်ဖော်လျက်ရှိ၏။ ခေတ်အမီဆုံး နည်းပညာတို့ဖြင့် ကမ္ဘာတည်သရွေ့တည်စေရန် တည်ဆောက်နေခြင်းဖြစ်သောကြောင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ အကူအညီကိုလည်း ရယူလျက်ရှိ၏။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးကလည်း ပညာရှင်များဖြစ်ကြသည့် ဒုတိယပါမောက္ခ ဦးစန်းကြူ၊ ကထိက ဦးတိုးတိုးဝင်းတို့ကို တာဝန်ပေးကာ ပင်လုံလုပ်ငန်းခွင်သို့ စေလွှတ်လျက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးစေလျက်ရှိ၏။ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင့်လွင်ကလည်း အနီးကပ် ကြပ်မတ်ကွပ်ကဲလျက်ရှိ၏။ စီမံကိန်းတာဝန်ခံ မန်နေဂျာ ဦးချစ်သန်းဝင်းကလည်း လိုအပ်သည်များကို လိုအပ်သလို ဆက်စပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိ၏။

(ဂ)

ဤစေတီတော်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် နိုင်ငံတော်၏ တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် စေတီတော်ကြီး တည်ထားကိုးကွယ်မည့် နယ်မြေသို့ အခေါက်ခေါက်အခါခါ လာရောက်ကြကာ မြေသန့်မင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပခြင်း၊ ရတနာအုတ်မြစ်တော်စီမင်္ဂလာနှင့် သတ္တဌာန မူလဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကျင်းပခြင်း၊ အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကျင်းပခြင်း၊ စေတီတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် စေတီတော်ပရိဝုဏ် လှပသာယာရေးလုပ်ငန်းများ လမ်းညွှန်မှာကြားခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထိုကာလများတစ်လျှောက် ဝမ်းမြောက် ကြည်နူးလှစွာသော မုဒိတာပီတိတို့ဖြင့် ဤအရှင်တို့သည် ဆောင်းပါးများ ရေးသားမှတ်တမ်းတင်ခဲ့ရာဝယ် **‘ပြည်ထောင်စုအတွက်ကောင်းမှုနိဒါန်း’** ဆောင်းပါးအဆုံး၌ **“ယင်းသည်ပြည်ထောင်စုအတွက် ကောင်းမှုနိဒါန်းဖြစ်၏။ ယင်းနိဒါန်းစာမျက်နှာသည် ရွှေအက္ခရာဖြင့်ဝင်၏။ ယင်းရွှေအက္ခရာသည် ကမ္ဘာတည်သမျှ တင့်လေလိမ့်လတ္တံ့”** ဟုလည်းကောင်း၊ **‘ပြည်ထောင်စု စိတ်ဓာတ်နှင့် ကောင်းမှုတော်ပုံဒြပ်’** ဆောင်းပါးအဆုံး၌ **“ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အခြားအစိတ်အပိုင်းများဖြစ်သည့် အခြားသော ပြည်နယ်များ၊ တိုင်းများ၊ ဖွံ့ဖြိုးရေးဒေသများရှိ တိုင်းရင်းသားများအားလုံး သိရှိကြားနာမုဒိတာ ဖြင့် သာသနာနှင့်ပြည်ထောင်စု ပြည်ထောင်စုနှင့်သာသနာ ကမ္ဘာတည်သမျှ တည်စေရဖို့ ဆန္ဒ–ဝီရိယ၊ စိတ္တ–ဝီမံ လေးတန်ဣဒ္ဓိပါဒ်ရင်မှာအပ်ရင်း ပြည်ထောင်စုစိတ်ဓာတ်ကို ကောင်းမှုတော် ပုံဒြပ်၌ ထင်ဟပ်နှိပ်သွင်း ကမ္ဘာချဉ်းအောင် အလင်းထွန်းပထာဝရ အလှဆောင်ကြဉ်းနေအပ်ကြပါကုန်၏”** ဟု လည်းကောင်း အင်ပြည့်အားပြည့် ရေးသားခဲ့သည်များကို တစ်လုံးမကျန် ပြန်လည်မှတ်မိနေပါသည်။

(ဃ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် သုံးသပ် လမ်းညွှန်မှာကြားပြီးနောက် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒုတိယအကြိမ်အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်လေ၏။

ဘာသာရေး အစဉ်အလာနှင့်အညီ ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ စေတနာရှင်များက နိုင်ငံတော် သံဃမဟာနာယက ပင်လုံမင်္ဂလာမွေတော် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတအမှူးပြုသည့် ဆရာတော် သံဃာတော်များအား ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ၏။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အလှူတော်ငွေကျပ်သိန်း ၁၀၀၀ကို မဟာရဋ္ဌာဘိသာမင်္ဂစေတီတော် တည်ထားကိုးကွယ်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်ပြီး ဆက်လက်၍ ဝန်ကြီးဌာနများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၏ အလှူတော်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့က လက်ခံကြ၏။ ဝမ်းမြောက်ဖွယ်၊ အားတက်ဖွယ်၊ တသက်သက် အောက်မေ့ဖွယ်တို့ဖြင့် ပြီးသော ဒုတိယအကြိမ်အလှူတော်ငွေပေးအပ်ပွဲ၌ နိုင်ငံတော်အစိုးရက အလှူတော်ငွေကျပ်သိန်းတစ်ထောင် လှူဒါန်းကာ–

- **ရှမ်းရိုးမ ကျောက်မျက်ကုမ္ပဏီလီမိတက်က ကျပ် သိန်း ၃၀၀၊**
- **ဒေင်အုပ်စု ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ကျပ်သိန်း ၂၀၀၊**
- **ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထိက ကျပ်သိန်း ၁၀၀၊**
- **အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က ကျပ်သိန်း ၁၀၀**

တို့ကို အသီးသီး လှူဒါန်းပေးအပ်ကြလေ၏။

ထို့နောက် ကျပ် ၇၅ သိန်းအလှူရှင်များဖြစ်ကြသည့် ရှမ်း(တောင်) အထူးဒေသ (၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ဇနီး ဒေါ်နန်းအေးအေးမြင့်မိသားစုနှင့် နောင်တုံဆောက်လုပ်ရေး ကုမ္ပဏီမိသားစုတို့ကလည်းကောင်း၊ ကျပ်၂၅သိန်းအလှူရှင် ပတ္တမြားနဂါးကုမ္ပဏီဒါရိုက်တာ မောင်ကောင်းမြတ်၊ ကျပ် ၁၀သိန်းအလှူရှင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးတို့ကလည်းကောင်း၊ ကျပ် ၁၀သိန်းအောက် အလှူရှင်များကလည်းကောင်း သဒ္ဓါထက်သန်စွာ အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြလေ၏။

ဗုဒ္ဓဘာသာ စဉ်လာထုံးတမ်းအရ ဝမ်းပန်းတသာ ပြုအပ်သည့် ကောင်းမှု ကုသိုလ်၏ ကောင်းကျိုးချမ်းသာကို တစ်ဦးတည်းမခံစားဘဲ သတ္တဝါအများသို့ မျှဝေပေးအပ်သည်တွင် ကုသိုလ်အမျှဝေသံ နဘ်မိုးလုံးရိုက်ချုန်းသွားသလို သာဓုခေါ်သံ မိုးထက်ပျံ့ တိမ်ယံထွင်းဖောက် ခြောက်ရွာနတ်နယ်နှစ်ဆယ်ဗြဟ္မာ အဇ္ဈောဘဝဂ် ပျံတက်လွှမ်းမိုးသွားလေ၏။ ဆက်လက်၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီးသော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဝမ်းမြောက်ဝမ်းသာ ဩဘာထုတိပီတိမင်္ဂလာစကား ဤသို့ပြောကြားလေ၏။

**“ပင်လုံဒေသနေ တိုင်းရင်းသားပြည်သူများ၏ ကိုးကွယ်ပူဇော်ရာအဖြစ်သော်လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ ကိုးကွယ်ပူဇော်ရာအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအပေါင်းအတွက် ကိုးကွယ်ပူဇော်ရာအဖြစ်သော်လည်းကောင်း ရည်မျှော်ပြီး ဤမဟာရဋ္ဌာဘိသာမင်္ဂစေတီတော်မြတ်ကြီးကို ထူးမြတ်လှသည့် ပင်လုံဒေသတွင် တည်ထားလျက်ရှိကြောင်း။**

**“ပင်လုံဒေသတွင် တည်ထားကိုးကွယ်သည့် မဟာရဋ္ဌာဘိသာမင်္ဂစေတီ တော်မြတ်ကြီးသည် မြန်မာပြည်အနှံ့အပြားတွင် တည်ထားကိုးကွယ်ကြသည့် အခြားသောစေတီပုထိုးများနှင့်မတူညီဘဲပုံသဏ္ဌာန်ရောအဆင့်မြင့် နည်းပညာအသုံးပြုထားမှုပါ ထူးခြားသည်ဟု ပြောလိုကြောင်း။**

**“မဏ္ဍိုင်မပါဘဲ ပေ ၁၂၀ ကျယ်ဝန်းသည့် လိုဏ်ဂူတော်ထက်တွင် ရွှေတိဂုံပုံတူစေတီတော်မြတ်ကို သံထည်များအသုံးပြုပြီး အဆင့်မြင့်နည်းပညာများဖြင့် တည်ဆောက်နေခြင်းဖြစ်ရာ လေဒဏ်၊ မိုးဒဏ်၊ငလျင်ဒဏ်တို့ ခံနိုင်ရည်ရှိအောင် တည်ဆောက်လျက်ရှိခြင်းကြောင့် ကမ္ဘာတည်သရွေ့ တည်တံ့မည့် စေတီတော်မြတ်ကြီး ဖြစ်ကြောင်း။**

**“ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့်ဤစေတီတော်ကြီးကိုလည်း ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် စနစ်တကျ တည်ထားလျက်ရှိခြင်း ဖြစ်ကြောင်း”**

ကြားရုံမျှဖြင့် အားရွှင်လန်း လက်ပမ်းပေါက်ခတ်ဖွယ်၊ ဂုဏ်ယူမဆုံးဖွယ် ဖြစ်ရ၏။ စေတီတော်ကြီး တည်ထားပြီးစီးအောင်မြင်၍ မျက်မြင်ဖူးတွေ့ရသည့် အခါတွင်မူကား အဟောဝတ အဟောဝတ ဩချအံ့အား တဖွားဖွားမနားတမ်း လက်ဖျစ်တီးနေရတော့မည် မုချဖြစ်၏။ လက်ဖျစ်တီး၍ အံ့ချီးမကုန်လောက်သည့်တည်ဆောက်မှုအဖုံဖုံ၊ ဖြစ်တည်မှု အစုံစုံတို့ကြောင့် ဗုဒ္ဓဂုဏ်အနန္တ၌ ကြည်ဆွသဒ္ဓါလက်လက်ဖြာရင်း ကမ္ဘာတည်သရွေ့ မြန်မာတည်၊ မြန်မာတည်သရွေ့ သာသနာတည် မျှော်ရည်မိဋ္ဌာန် သန္နိဋ္ဌာန်မြဲမြဲ ခိုင်မတ်နေကြတော့မည် ဖြစ်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၉–၉–၂၀၀၃ရက်မှ ၁–၁၀–၂၀၀၃ရက် အထိ လှိုင်လင်ခရိုင် အလင်းမြင့်ခရီးစဉ်အတွင်း လင်းခေးမြို့၌ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးစီးပွားအလင်းကို လည်းကောင်း၊ ကျိုင်းတောင်ဒေသ ကျိုင်းတောင်းရေတံခွန်ရေအားလျှပ်စစ်စီမံကိန်းဖြင့် လျှပ်စစ်စွမ်းအားအလင်းကိုလည်းကောင်း မြှင့်တင်ပေးခဲ့ပြီးနောက် ယခု ပင်လုံဒေသ မဟာရဋ္ဌာဘိသာမင်္ဂစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်ရေးစီမံကိန်းဖြင့် ကုသိုလ်ကောင်းမှုအလင်းကို မြှင့်တင်ဖြန့်ဝေပေးလိုက်လေပြီ။

နိုင်ငံတော်အစိုးရ၏ ကုသိုလ်စေတနာအလင်းသည် ပင်လုံဒေသ လှိုင်လင် ခရိုင်သားတို့အပေါ်မှာ ယှက်ဖြာခြုံလွှမ်း အံ့မခန်းရှိလွန်းလေစွ။ ရှမ်းပြည်နယ် တိုင်းရင်းသားတို့အပေါ်မှာ ယှက်ဖြာခြုံလွှမ်း အံ့မခန်းရှိလွန်းလေစွ။

ပြည်ထောင်စုမြန်မာနိုင်ငံသားတို့အပေါ်မှာ ယှက်ဖြာခြုံလွှမ်းအံ့မခန်း ရှိလွန်းလေစွ။ ယင်းကို ပင်လုံဒေသ လှိုင်လင်ခရိုင်သားတို့သည်လည်းကောင်း၊ရှမ်းပြည်နယ် တိုင်းရင်း သားတို့သည်လည်းကောင်း၊ မြန်မာနိုင်ငံသားတို့သည် လည်းကောင်းနှစ်ထောင်းပီတိရွှန်းရွှန်းအိတိတိပပ သိရှိကာ ကောင်းစွာ ခံယူတတ်ကြရပါမည်။

ဖွံ့ဖြိုးရေးအထူးဒေသ လှိုင်လင်ခရိုင်သားတို့၏ နား၌ နိုင်ငံတော်အစိုးရ၏ စေတနာအလင်းစကားကို ဤသို့ ကြားနေရပါကုန်၏။

**လင်းလော့လှိုင်လင် လှိုင်လင်လင်းလော့။ ။**



နိုဝင်ဘာ ၁၆ရက်က ကျင်းပသော အင်းစိန်မြို့နယ် အမက(၂၇) ကျောင်းပြုပြင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း သံဃနာယက(မဟာဒွါရ)ဥက္ကဋ္ဌ မေတ္တာဝါဒီဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသက အလှူငွေကျပ်ငါးသိန်း၊ ဓမ္မိကာရာမ ပေါက်တောကျောင်းတိုက် အင်းစိန် ဆရာတော် ဘဒ္ဒန္တဉာဏသရက သက်တော်(၇၂)နှစ်မြောက်မွေးနေ့အလှူငွေကျပ် တစ်သိန်းငါးသောင်းအား ခရိုင်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ကြက်တောင်နည်းပြသင်တန်းဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၈

**အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေး အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ ပူးပေါင်းညှိနှိုင်းစီစဉ်ဖွင့်လှစ်သည့် ကြက်တောင်နည်းပြသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီက အမျိုးသားအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။**




အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ Mr. Venugopal Maha Lingam က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)**အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူ၊ သင်တန်းနည်းပြနှင့် တာဝန်ရှိသူများအား မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်က ညပိုင်းတွင် ကရဝိက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယွန်းကျောင်းစာသင်တိုက်ကျောင်းတော်ကြီး ဆောက်လုပ်ရေး လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် အိုင်သပြု ယွန်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒနှင့် သာသနာ့ အကျိုးဆောင်အဖွဲ့က ဦးဆောင်၍ စာသင်သား သံဃာတော်များ သီတင်းသုံး၍ ပရိယတ္တိ သာသနာ့တာဝန်ကို ချမ်းသာစွာ ထမ်းဆောင်နိုင်ရန် စာသင်တိုက် ကျောင်းတော်ကြီးကို စတင်ဆောက်လုပ်နေပြီဖြစ်၍ သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စပါယ်ရှယ်စတိုး ဦးလှမြင့် ဖုန်း-၅၆၀၆၉၃၊ အကျိုးတော်ဆောင်ဥက္ကဋ္ဌ အိုင်သပြု ရန်ကြီးအောင်ကွက်သစ်ရပ် ဒေါက်တာစိုးလွင်-ဆရာမ ဒေါ်ခင်မေတင့် ဖုန်း-၀၄၄-၇၀၁၃၄ နှင့် ဘဏ္ဍာရေးမှူး ဦးသန်းဇော်-ဒေါ်အေးအေးမြင့် ဖုန်း-၀၄၄-၇၀၀၁၃ လိုင်းခွဲ-၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၃ ရက် ညပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် (စံပြ) ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဇျူဟာ ဓမ္မာရုံခန်းမ၌ ပြုလုပ်ရာ မြို့နယ် ခနစ်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်အသီးသီးမှ ပြည်သူများအား ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ဝင်းက မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးပညာပေးဟောပြောစဉ်။** (၀၅၄)

**ကံကော်ဝတ်ရည်စာပေ ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့က ထုတ်ဝေသော မောင်ခင်မင် (ဓနုဖြူ)၏ ပြည်သူ့အတွက်မြန်မာစကားပြေ မျက်နှာဖုံး။** (က-ပ)





## ဂမ္ဘီရမြင်ကွင်း ဂျာနယ်ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မင်းသိခ်၊ သက်လုံ၊ ဟိန်းလတ်၊ မောင်ခိုင်ခန့်၊ ဂမ္ဘီရ ဆရာလှမျိုး၊ ဆရာမ ဆုလဲ့ရတနာ၊ ဇင်ယော်နီ၊ ပိုင်ဟိန်းကျော် (မရမ်းတလင်းတော)၊ ဂန္ဓာရီဆြာအံ့၊ မာန်သိမ်းနိုင် (မရမ်းတလင်း)၊ မန်းသိုက်ဝင်နှင့် သုသုက တို့၏ ကြာသပတေးနေ့တိုင်း ထုတ်ဝေသည့် ဂမ္ဘီရမြင်ကွင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၁၁)ကို ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရသည်။**(ယာပုံ)(က-ပ)**



## မေ့မရတဲ့နေ့များ အဆင့်မြင့်ရုံသုံးရုံအပြိုင်ဝင် အဖေဇာတ်ကား နေပြည်တော်၊ ရွှေ့ဆောင်နှင့် နဝဒေး၌ပြသ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဒါရိုက်တာမလိခစိုးထိုက်အောင်၏ **မေ့မရတဲ့နေ့များ** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများတွင် ယနေ့ ရုံဝင်လာသည်။

မိုးဝေနှင့် နှင်းဖြူတို့ မောင်နှမ ဘဝကား အစစအရာရာ ပြည့်ပြည့်စုံစုံ ကုံလုံကြွယ်ဝသလောက် တစ်ကျောင်းတည်းနေ တိုးတိုး ဘဝမှာ အစစအရာရာ ချို့တဲ့ရှာသည်။ သို့သော် မမျှော်လင့်သော တစ်နေ့တွင် အရပ်လက်သည် ဒေါ်လုံးနှင့် ပြန်ဆုံတွေ့ရာမှ နှင်းဖြူနှင့်တိုးတိုးကို အတူမွေးဖွားစဉ်လူချင်းမှားပေးမိပါသည်ဟု ဆိုသောအခါ နှင်းဖြူနှင့် တိုးတိုးတို့ ဘဝမှာ ပြောင်းပြန် ဖြစ်သွားသည်။ ကံကြမ္မာ အလှည့်အပြောင်းကြောင့် နိမ့်ရာမြင့်ပြီး မြင့်ရာမှ နိမ့်သွားသူ မိန်းကလေးနှစ်ဦးနှင့် အစ်ကိုဖြစ်သူ မိုးဝေတို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသဖြင့် **မေ့မရတဲ့နေ့များ** ဖြစ်ပေါ်လာရသည်။

နေပြည်တော်၊ ရွှေ့ဆောင်နှင့် နဝဒေးရုံတွင် ဒါရိုက်တာ မိုက်တီး၏ **အဖေ** ဇာတ်ကား ဆက်လက်ပြသနေသည်။ အဖေတွင် ကျော်ဟိန်း၊ လွင်မိုး၊ ခိုင်သင်းကြည်တို့ ခေါင်းဆောင် ပါဝင်ထားသည်။

ဘုရင့်ရုံတွင် မယ်ကမ္ဘာနှင့် မယ်စကြာဝဠာဘွဲ့ ရရှိထားသော အိန္ဒိယမင်းသမီးချောနှစ်လက်ကို ပွဲထုတ်ထားသည့် Andaaz အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အာရှေးကူမာ၊ လာရာဒက်တာနှင့် ပရီရန်ကာချိုပရာတို့ ခေါင်းဆောင်ပါဝင်ထားသည်။ တန်းမြင့်မြို့မရုံတွင် ဆူနီးလ်ရှက်သီး၊ ဂျက်ကီရှရော့၊ ဒီနိုမိရီရာ၊ ကရစ်မားကပူးရ်နှင့် ပယ်ရီတီဂျန်ဂေးရာနီတို့ ခေါင်းဆောင်ပါဝင်ထားသော Baaz ဇာတ်ကား ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

## ရုပ်ရှင်သတင်းထောက်



**မေ့မရတဲ့နေ့များ ဇာတ်ကားမှ ဒွေး၊ မြတ်ကေသီအောင်။**



**ညွန့်းစာဖွဲ့လို့ မမီ ဇာတ်ကားမှ လူမင်း၊ ထက်ထက်မိုးဦး၊ ဝါဝါဝင်းရွှေ။**

**ဒါရိုက်တာဝါဝါဝင်းရွှေ၏ ညွန့်းစာဖွဲ့လို့မမီ ဇာတ်ကားမှာ အဆင့်မြင့်ရုပ်ရှင်များတွင် မကြာမီ အပြိုင်ရုံတင်တော့မည်ဖြစ်သည်။ ညွန့်းစာဖွဲ့လို့မမီ ဇာတ်ကားတွင် လူမင်း၊ ဝါဇင်၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ရတနာခင်၊ ညွန့်ဝင်း၊ ဝါဝါဝင်းရွှေတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။**

**ဇာတ်ဆောင်အင်အားအပြည့်၊ ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်ခံ့ခံ့ဖြင့် ရိုက်ကူးထားသော အိမ်ထောင်ရေးပညာပေး မေတ္တာဖွဲ့ဇာတ်လမ်းကားဖြစ်သည်။** (မြန်မာ့အလင်း)



**အဖေ ဇာတ်ကားမှ လွင်မိုး၊ ခိုင်သင်းကြည်။**

# ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သားငါးထုတ်လုပ်ရေးကဏ္ဍ

ဒေသအသီးသီးမှ တိုးတက်ထွက်ရှိနေသော သားငါးပုစွန်များကို ရန်ကုန်မြို့ ပုစွန်တောင်မြို့နယ် ညောင်တန်းဆိပ်ကမ်းမှတစ်ဆင့် စားသုံးသူများလက်ဝယ် အရောက်ဖြန့်ဖြူးပေးလျက်ရှိသည်။



ရေထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ရှိ အင်္ဂါဝါ ငါးလုပ်ငန်း အဆောက်အအုံကြီးက ခံ့ညားထည်ဝါလှသည်။



ပုသိမ်မြို့ ငဝန်မြစ်ကမ်းခြေအနီးတွင်တည်ဆောက်ထားသည့် ဧရာဝတီ ရေလုပ်ငန်း၏ တစ်နေ့တန် ၁၂၀ ကျ အအေးခန်းစက်ရုံကြီးက ငါးများကို စနစ်တကျ ထုပ်ပိုး၍ ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## တက်တက်ကြွကြွ

ပြည်တွင်းမှ ထွက်ရှိသော ပုစွန်များကို ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် အလုံ အအေးခန်းရှိ အလုပ်သမများက ဤသို့ တက်တက်ကြွကြွ ထုပ်ပိုးခဲ့ကြသည်။





လယ်ယာကဏ္ဍနှင့်တစ်ဆက်တစ်စပ်တည်းရှိ မြန်မာ့ရေမြေသဘာဝအရ အဖြစ်ထွန်းနိုင်ဆုံး စီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်သည့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် သားငါးကဏ္ဍတွင် ၁၉၉၂-၉၃ မှ ၁၉၉၅-၉၆ ပထမကာလတို စီးပွားရေးစီမံကိန်းကာလ၌ တစ်နှစ်ပျမ်းမျှ ၄ ဒသမ ၆ ရာခိုင်နှုန်း၊ ၁၉၉၆-၉၇ မှ ၂၀၀၀-၂၀၀၁ စီမံကိန်းကာလတွင် တစ်နှစ်ပျမ်းမျှ ၁၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာသကဲ့သို့ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်တွင် ၁၂ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်တွင် ၁၂ ဒသမ ၀ ရာခိုင်နှုန်း ရရှိဖြစ်ထွန်းခဲ့သည်။ ယခုအခါ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၉၈၇-၈၈ ဘဏ္ဍာနှစ်က တန်ပေါင်း ၆၈၁၀၀၀ သာ ထုတ်လုပ်နိုင်ရာက ၂၀၀၂-၂၀၀၃ ခုနှစ်၌ တန်ပေါင်း ၁၅၇၉၀၀၀ ထုတ်လုပ်လာနိုင်ပေပြီ။ (မြန်မာ့အလင်း)

## ဖြည့်ဆည်းဆောင်ရွက်ပေး

ရေထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရန်ကုန်မြို့ လှော်ကားငါးလုပ်ငန်းစခန်းရှိ မွေးမြူရေးလုပ်သားများက ငါးများကို တိုးတက်မွေးမြူထုတ်လုပ်၍ စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။





ရေထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဦးစီးဌာနက ကိုယ်ပိုင်ရေပေါ်လွှန်းကျင်းဖြင့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

# ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်(၂၉)နေ
ဦးအောင်ကျော်ဦး–ဒေါ်ခင်ကြည်ရွှေ
တို့၏သား

**ဒေါက်တာ ဥက္ကာအောင်**
M.B.,B.S(Ygn)
Medical Officer
National AIDS Control Program

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ခရေပင်လမ်း၊ အမှတ်(၁၁၅–က)နေ
ဒုတိယဗိုလ်မှူးကြီးအောင်သူ(ငြိမ်း)–ဒေါ်အေးအေးသန်း
တို့၏သမီး

**မစိမ့်အောင်သူ**
B.A(English)
တို့ကို

မိဘတို့ဝတ္တရားရှိသည်နှင့်အညီ တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၏ ရှေ့မှောက်၌ ၂၈–၁၁–၂၀၀၃ ရက်တွင် ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ ၂၈–၁၁–၂၀၀၃ ရက်တွင် ကျင်းပသည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးကိုလေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (ရေ)(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်ချုပ်စောလွင်(ငြိမ်း)နှင့်ဇနီး၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဥက္ကာအောင်–မစိမ့်အောင်သူ။**

— — — — — — — —

# မင်္ဂလာဦးဆုတောင်း

မောင်ဥက္ကာနှင့် ညီမငယ် စိမ့်တို့၏ ၂၈–၁၁–၂၀၀၃ မင်္ဂလာဦးနေ့မြတ်မှ နောင်နှစ်ပေါင်း တစ်ရာတိုင်အောင် သာယာသော ချစ်ခရီးလမ်းကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြပါစေ။

**ကိုသိန်းအောင်–မသိမ့် (Jewels of Angel)**
**ကိုမိုးနိုင်–မငြိမ့် (Creator Craft)**
**ကိုမောင်–မအိမ့် (Bawgamin )**
**ကိုထွန်း–မဝါ (AT Jewellery)**

ချစ်သော သားငယ်နှင့်စိမ့်တို့၏ မင်္ဂလာဦးနေ့မှသည် အသက်ထက်ဆုံးတိုင် အေးအတူပူအမျှ သာယာချမ်းမြေ့သော ဘဝကို လျှောက်လှမ်းနိုင်ပါစေ။

Louis & Mie
Junior Louis



# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ




◆ ရန်ကုန်–သန်လျင်တံတားအနီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရဲ့တိုင်းရင်းသားရိုးရာအိမ်စစ်စစ်တွေပေါ်မှာ သမိုင်းအစဉ်အလာကြီးမားတဲ့ သွေးချင်းများရဲ့ဂုဏ်ယူဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို ခံစားကြည့်နိုင်ပြီ

◆ ကချင်ပြည်နယ်က ခါကာဘိုရာဇီရေခဲတောင်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ ကရင်ပြည်နယ်က ဇွဲကပင်တောင်၊ ချင်းပြည်နယ်က ရိဒ်ရေကန်၊ မွန်ပြည်နယ်က ကျိုက်ထီးရိုးဘုရား၊ ရခိုင်ပြည်နယ်က ထုပ္ပာန့်သိမ်နဲ့ ရှမ်းပြည်နယ်က အင်းလေးကန်တွေကို အပျော်စီးကားလေးနဲ့ လည်ပတ်နိုင်ပြီ။

◆ ရန်ကုန်မြို့တော်နဲ့ ပဲခူးမြစ်ရှုခင်းကို နန်းမြင့်မျှော်စင်ပေါ်က ဆန်းသစ်တဲ့အပေါ်စီးမြင်ကွင်းဖြင့် ကြည့်ရှုနိုင်ပြီ။

ရွှေမြန်မာတို့ရဲ့ ရတနာတန်းဝင် သစ်တောပင်တွေနဲ့ ချစ်စဖွယ်ကျေးငှက်တောတိရစ္ဆာန်တွေကို ကိုယ်တိုင်ကြည့်ရှုနိုင်ပြီ။

◆ ကမ္ဘာမှာ ရှားပါးလာပြီဖြစ်တဲ့ ဒီရောက်လမုတောထဲက ဂေဟစနစ်တွေ လက်တွေ့သိမြင်လေ့လာနိုင်ပြီ။

**ရန်ကုန်မြို့လယ်က ၁၅ မိနစ်ခရီး ရန်ကုန်–သန်လျင်တံတားထိပ်မှာရှိတဲ့**

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

**ကို ဖိတ်ခေါ်ပါတယ်။**

◆ သားသား၊ မီးမီးလေးတွေ ဆော့ကစားဖို့ Free Game ကစားကွင်း၊ မိသားစုအပန်းဖြေဖို့ အပန်းဖြေတဲမျာနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ပျော်ပွဲစားဖို့ သဘာဝအရိပ်ကွင်းတွေရှိတယ်။

**နေ့စဉ်ပိတ်ရက်မရှိ၊ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဝင်ကြေး – လူကြီးကျပ် ၅၀၊ ကလေး ၂၅ ကျပ်၊ နိုင်ငံခြားသား 3 FEC မည်သူမဆို ဝင်ရောက်နိုင်ပါသည်။**

**[အမှတ် ၃၂ နှင့် အမှတ် ၄၉ (အဝါ) ကားများ တိုက်ရိုက်ရောက်ပါသည်။]**


## မြဝတီရုပ်မြင်သံကြား

**၂၉–၁၁–၂၀၀၃**
**(စနေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် "ရှည်လျားတဲ့ ဘဝသံသရာ"
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(ဥပဒေပညာ)
(ခ) ပထမနှစ် (ဒဿနိကဗေဒ)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနဲ့ ယမင်းရွှေစင်"** (အပိုင်း–၂၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း–၆)

Myanmar PGA & Myanmar Golf Federation President Cup
Bago

MYANMAR GOLF TOUR




**နိုဝင်ဘာ ၂၇ ရက်က မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက် ပြိုင် ပွဲ စတုတ္ထ ပွဲစဉ် ဥက္ကံ၌ ဖလား ဂေါက် သီး ရိုက် ပြိုင်ပွဲ Professional Golfers ပြိုင်ပွဲတွင် ဦးဆောင် က စား လျက် ရှိ သောလက်ရှိ ချန်ပီယံ စိုးကျော်နိုင် (Pan-West ) ယှဉ်ပြိုင်စဉ်။ (ဂေါက်သီးရိုက် အဖွဲ့ချုပ်)**

## အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် က ကြီးမှူးကျင်းပသည့် ၂၀၀၃– ၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာအသင်းက ပြည်ထဲရေးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင် ရရှိသွားသည်။

သစ်တောရေးရာအသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၁၀မိနစ်အကြာတွင် အောင်ထွန်းနိုင်က သွင်းယူသည်။ ပထမပိုင်းအပြီးတွင် သစ်တောရေးရာအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်းက ခြေအသာစီးမှုကစားပြီး ဂိုးသွင်းခွင့်များရသော်လည်း ရှေ့တန်းလူများ အဆုံးသတ်မသေချာခြင်း၊ ဂိုးကံခေခြင်းတို့ကြောင့် ဂိုးမရဘဲ ဖြစ်နေသည်။

ပြည်ထဲရေးအသင်းက အဆက်မပြတ် ထိုးဖောက်ကစားနေရာမှ ဂိုးမရဘဲ သစ်တောရေးရာအသင်းက ဒုတိယဂိုးရရှိသွားသည်။ သစ်တောရေးရာ အသင်းအတွက် ဒုတိယဂိုးကို ၈၄ မိနစ်တွင် အောင်ထွန်းနိုင်က သွင်းယူ ပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို သစ်တောရေးရာ အသင်းမှ နောက်တန်းလူ စိုင်းလှအောင်က ရရှိသည်။

**ယနေ့ပွဲ**

နိုဝင်ဘာ ၂၉ ရက်(ယနေ့) ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် မလိခအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## ဘိန်းဖြူနှင့် ဘိန်းစိမ်းဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက်တွင် သတင်းအရ မုံးကိုးမြို့ ရပ်ကွက်(၇) ပန်ဆိုင်း–မုံးကိုးသွား ကားလမ်းအနီးတွင် မသင်္ကာဖွယ်တွေ့ရှိရသူ လခွမ်းအားရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် မြွေရေခွံအိတ်အတွင်းမှ ဘိန်းဖြူ ဘလောက်တုံး ၁၀ တုံး စုစုပေါင်းအလေးချိန် ၃ဒသမ ၅၆ကီလို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၁ ရက်တွင် သတင်းအရ ဗန်းမော်မြို့နယ် (၃)မိုင်ဝတ်ကုန်းရွာ ဗန်းမော်–မိုးမောက် ကားလမ်းမပေါ်၌စောင့်ဆိုင်းနေစဉ် မနမ်နော်တောင် စီးလာသည့် ရှူပါကပ်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းလွယ်ထားသည့်အိတ်အတွင်းမှ ဘိန်းစိမ်း နှစ်ထုပ် စုစုပေါင်းအလေးချိန် ၃ဒသမ ၁ကီလိုဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ သန်းဝေအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

**အမှုဖွင့်အရေးယူ**

အဆိုပါဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းများက တရားခံများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခုခံအားကျဆင်းမှုတိုက်ဖျက်ရေးနေ့အကြိုဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ဗဟန်းမြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အကြို ပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်ကအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဆန်းက မူးယစ်ဆေးဝါးနှင့် HIV၊ AIDS အကြောင်း ပညာပေးဟောပြောသည်။ **(က–ပ)**


# ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

(၁–၁၂–၂၀၀၃)

**World AIDS Day**

**အိခ်ဒ်စ်ရောဂါကြုံတွေ့သူ၊ ကြည်ဖြူစာနာ လက်တွဲကူ**

**Live and Let Live**

**ကျန်းမာရေးဝန်ကြီးဌာန**


## ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအသိပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းကျန်းမာရေးကော်မတီ၏ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ အကြောင်း အသိပေးဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စီမံချက်မန်နေဂျာ ဒေါက်တာမင်းသွင်က Second Gernation Surveillama အကြောင်းကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းမြင့်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်တွင် ဆောင်ရွက်မည့် ရာနှုန်းပြည့်ကွန်ဒုံးအသုံးပြုရေးစီမံချက်ကို လည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။ **(က–ပ)**

# စာအုပ်

**မောင်ဆွေငယ်**

(၁)

စာအုပ်နှင့်စပ်လျဉ်း၍ နိုင်ငံခြားဟာသတစ်ခုကို ဖတ်ဖူးသည်။ စာရေးဆရာတစ်ဦး၏ဘဝကို ဟာသဖြင့် သရုပ်ဖော်ခြင်းဖြစ်သည်။ စာအုပ်ဖြစ်ပေါ်လာစေရန် ပင်မအရင်းခံကျသူမှာ စာရေးဆရာဖြစ်သည်။ စာရေးဆရာ ကွယ်လွန်သည့်အခါ သုံးပဲနီသာ ကျန်ခဲ့သည်။ ထုတ်ဝေသူ ကွယ်လွန်သည့်အခါ ပေါင် သုံးထောင် ကျန်ခဲ့သည်။ စာအုပ်အပျက်အစီးများကို အချိန်စီး၍ ရောင်းသူကွယ်လွန်သည့်အခါ ပေါင် သုံးသိန်းမက ကျန်ခဲ့သည်။ စာရေးဆရာအဖို့ ငွေကြေးအမြတ် ကျန်ချင်မှကျန်မည်ဆိုသောသဘော ပေါ်လွင်စေရန် ဟာသဖြင့် ဖော်ကျူးခြင်းဖြစ်သည်။

ငွေကြေးအရ အမြတ်မကျန်စေကာမူ စာရေးဆရာတို့သည် စာကိုရေးနေသည်ဟူသော သဘောလည်း ပေါ်လွင်သည်။ စာရေးဆရာသည် မိမိဖန်တီးလိုက်ရသည့် ‘စာ’ကို ‘စာအုပ်’အသွင်ဖြင့်သာ တွေ့ချင် မြင်ချင်သည်။ ငွေကြေး အမြတ်သည် အဓိကမဟုတ်။ စာရေးဆရာသည် (များသောအားဖြင့်) သူ့အတွက်ကျန်ဖို့၊ မကျန်ဖို့ကို မတွေးနိုင်။ ‘စာအုပ်’အသွင်ပေါ်ထွက်ရေးကို တမ်းတကြပါသည်။ မိမိ၏လက်ရာသည် ‘စာအုပ်’အဖြစ် ပေါ်ထွက်လာသည်နှင့် သူ၏ပီတိကား အတိုင်းထက် လွန်သွားပါတော့သည်။

(၂)

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာတစ်ဦးနှင့်ကြုံ၍ သူ့‘စာအုပ်’အကြောင်းကို ပြောဖြစ်သည်။ စာအုပ်အပြင်အဆင်၊ အပြင်အဖုံးပန်းချီ၊ အတွင်းပန်းချီတို့ကို ဝေဆာနေအောင် သရုပ်ဖော်ထားသည်။ စက္ကူသားလည်း ချောသည်။ အကုန်အကျများပြီး ကျန်ပါ့မလားဟု စူးစမ်းမိ၏။ ‘စာအုပ်’အဖြစ် မြင်ချင်၍ အရှုံးခံထုတ်လိုက်တာပါဟု အဖြေရသည်။

ဤသို့ အနစ်နာခံ၍ ထုတ်လိုက်သဖြင့် ‘စာအုပ်’ကျန်ခဲ့သည့် ပီတိကိုတော့ စာရေးဆရာ ခံစားရသည်။ အမျိုးသားစာပေဆု ရလိုက်သည့်အခါ ပီတိနှစ်ထပ်ကွမ်း စားလိုက်ရသလို ခံစားရသည်ဟု ဆိုပါသည်။

(၃)

၁၉၆၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ယူနက်စကို အစည်းအဝေးကြီးတွင် ‘စာအုပ်’၏ အင်္ဂါရပ်ကို အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ခဲ့သည်။ ယင်းသတ်မှတ်ချက်အရ “စာအုပ်ဆိုသည်မှာ အဖုံးစာရွက်မပါ၊ အနည်းဆုံး စာမျက်နှာ ၄၉မျက်နှာရှိသော အချိန်မှန်ထုတ်ဝေခြင်းမဟုတ်သည့် ပုံနှိပ်ပစ္စည်း”ကို ဆိုလိုသည်ဟု ပါရှိသည်။ (မောင်ဆုရှင်၊ မောင်ပေါ်ထွန်း ပြုစုသည့် ‘စာအုပ်ဟူသည်’ စာမျက်နှာ-၁၆၇)

ယင်းသို့ သတ်မှတ်ပေးသော်လည်း ကမ္ဘာ့နိုင်ငံများသည် မိမိတို့၏ စံနှုန်းနှင့်ကိုက်၍ ကိုယ့်မူကိုယ်ဟန်ဖြင့် သတ်မှတ်ကြသည်။ အချို့နိုင်ငံများက စာမျက်နှာ ၁၀၀ရှိမှ စာအုပ်ဟု သတ်မှတ်သည်။ သို့သော် အချို့နိုင်ငံများကမူ စာမျက်နှာသည် အကြောင်းမဟုတ်။ အဖုံးနှစ်ခုအတွင်း စာရွက်ပါလျှင် စာအုပ်ဖြစ်သည်ဟု သတ်မှတ်သည်။

မိမိတို့၏ နိုင်ငံ၊ စံနှုန်းနှင့်လိုက်၍ သတ်မှတ်ကြခြင်းမှာလည်း အခြားအကြောင်းကြောင့် မဟုတ်။ ‘စာအုပ်’ကို ကန့်သတ်မထားချင်ကြ။ ဘာသာရပ်အမျိုးမျိုး စုံချင်သည်၊ အုပ်ရေများများ ထွက်စေချင်သည်။ ‘စာအုပ်’ပေါပေါများများ ထွက်ရှိခြင်းသည် လူ့ယဉ်ကျေးမှုကြီး (Civilization)ကို ဖွံ့ဖြိုးတိုးတက်စေသည်သာဖြစ်၏။

(၄)

ယနေ့ကမ္ဘာတွင် စာအုပ်အမျိုးပေါင်း သန်းနှင့်ချီ၍ ထွက်နေသည်။ မိနစ်ပိုင်းအလိုက် တွက်၍ရနိုင်သည်ဟုပင် ထင်ရသည်။ ကမ္ဘာ့စာအုပ် ထုတ်ဝေရေးလောက၏ အရှိန်အဟုန်သည် ခုန်၍၊ ပျံ၍တက်နေသည်။ ခဲစာစီမှ ကွန်ပျူတာ (Desktop Publishing) စသည်ဖြင့် တိုးတက်လာမှုကြောင့် စာအုပ်အမျိုးမျိုးကို အရည်အသွေးမီမီ ဖတ်ရှုကြရသည်။ ယင်းမှတစ်ဆင့်တက်၍ အင်တာနက်မှ e-Book သည်ပင် ရေပန်းစားလာသည်။

၁၈၀၀ ပြည့်လွန်နှစ်များတွင် စာပုံနှိပ်စက်ကို လက်တွေ့ကျကျ အသုံးပြုလာနိုင်ချိန်မှစ၍ မြန်မာနိုင်ငံ၏ စာအုပ်ထုတ်ဝေရေးမှာ အရှိန်ရလာခဲ့သည်။ မြန်မာနိုင်ငံကို နယ်ချဲ့တို့သိမ်းပိုက်ခဲ့သည့် ၁၈၈၅ခုနှစ်တွင် စာအုပ်အမျိုးပေါင်း ၈၅ မျိုး ထွက်ခဲ့သည်။ ၁၈၈၈ခုနှစ်တွင် စာအုပ်အမျိုးပေါင်း ၈၁ မျိုး ထွက်ရှိခဲ့ပြီး နှစ်၁၀၀ကြာပြီးနောက် ၁၉၈၈ခုနှစ်တွင် စာအုပ်အမျိုးပေါင်း ၁၇၃၁ မျိုး ထွက်ရှိခဲ့သည်။ ၂၀၀၂ခုနှစ်တွင်မူ စာအုပ်အမျိုးပေါင်း ၈၀၀၀ကျော် ထွက်ရှိခဲ့သည်ဟု မှတ်သားရသည်။

နိုင်ငံတော်ပိုင်းကလည်း ထုတ်ဝေနေသကဲ့သို့ ပုဂ္ဂလိကပိုင်းမှ ပိုမိုထုတ်ဝေလာကြသည်။ စာအုပ်များထုတ်ဝေရာတွင် ယခင်နှင့်ယခု မတူတော့။ အကြီးအကျယ် ပြောင်းလဲတိုးတက်လာခဲ့သည်။ အရည်အသွေးကို ပို၍ ပို၍ ဂရုစိုက်လာကြသည်။

စာအုပ်မြတ်နိုးသူတို့ကလည်း ဈေးကိုမတွက်တော့။ အရည်အသွေးကောင်းလျှင် ကောင်းသလို၊ စိတ်ကြိုက်တွေ့လျှင်တွေ့သလို ဝယ်ကြသည်။ ဈေးစကားမပြောကြတော့ပါ။ ထို့ကြောင့် စာပေပညာရှင်များ၏ ဂန္ထဝင်လက်ရာအတော်များများကို ပြန်လည်ဖတ်ရှုကြရသည်။ ထိုသို့ ပြန်လည်ထုတ်ဝေပေးကြသူတို့ကို စာပေမြတ်နိုးသူတို့က ကျေးဇူးတင်ကြသည်။

(၅)

‘စာအုပ်’အကြောင်း ရေးမိသည့်အခါ ‘စာအုပ်’၏ကျေးဇူးကို ဆင်ခြင်မိသည်။ စာအုပ်၏ကျေးဇူးကို ဆရာမန်းတင်၏‘စာ’ဖြင့် အဆုံးသတ်ချင်ပါသည်။

**ငြိုးငွေ့နေလျှင်၊ ပျော်ရွှင်စေ၏။**
**ဗဟုသုတ၊ ပေးဝေ၍၏။**
**စိတ်အားငယ်က၊ တက်ကြွစေ၏။**
**မာန်လွန်ကဲလျှင်၊ သတိယှဉ်၏။**
**တရားဓမ္မ၊ လမ်းမှန်ပြ၏။**
**လောကုတ်လောကီ၊ အဆီအနှစ်၊ အသစ်အဟောင်း၊**
**စုပေါင်းပညာ၊ ဝေဖြာရောင်လင်း၊**
**အမှောင်ခွင်း၏။ ။**

စာအုပ်ကောင်းများ လှိုင်လှိုင်ထွက်လာခြင်းသည် နိုင်ငံအတွက်၊ လူမျိုးအတွက် ကောင်းသောအလားအလာများဖြစ်သည်။ ထုတ်ဝေရေးလောက တိုးတက်လာသည်နှင့် စာရေးဆရာတို့၏ဘဝလည်း မြင့်တက်လာသည်။

ကုန်ပစ္စည်းအမျိုးမျိုး ရောင်းချသည့် ကုန်တိုက်ကြီးများ၊ ပလာဇာကြီးများ နေရာအတော်များများတွင် ရှိနေသည်။ ကျွန်တော်တို့မြတ်နိုးရာ ‘စာအုပ်’ အမျိုးမျိုး၊ အဟောင်း၊ အသစ်ရနိုင်သည့် Books Plaza လိုနေရာမျိုးကို တောင့်တမိသည်ကား အမှန်။ ။



နိုဝင်ဘာ ၇ရက်က ရေဦးမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဌာန၏ နှစ်ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို ရေဦးမြို့နယ် ကမ်းဖြူဘုရားခုနစ်ဆူ တရားမဏ္ဍပ်တွင် ကျင်းပရာ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူရှင်များက သံဃာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (၃၇၈)

## မြို့နယ်အဆင့် အားကစားပြိုင်ပွဲအတွက် လူရွေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

အင်းတော်မြို့နယ်အဆင့် ၂၀၀၃- ၂၀၀၄ပညာသင်နှစ် အားကစားပြိုင်ပွဲ (ဘောလုံး၊ဘော်လီဘော၊ပြေးခုန်ပစ်၊ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်)လူရွေးပွဲကို နိုဝင်ဘာ ၁၆ရက်မှ ၁၈ရက်ထိ အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း သက်ဆိုင်ရာအားကစားကွင်း နေရာများတွင်ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

လူရွေးပွဲများသို့ လက်ထောက်မြို့နယ်ပညာရေးမှူးများဖြစ်ကြသော ဦးကျော်ထွေးနှင့် ဦးစိုးစိုး၊ အခြေခံပညာ အလယ်တန်းနှင့်အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမ ကြီးများ၊ဆရာ ဆရာမများတက်ရောက်ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(၁၃၃)**



ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဆောက်လုပ်လှူဒါန်းသည့် အခန်း ၁၁ခန်းပါ ခေတ်မီရေအိမ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၀ရက်က တာချီလိတ်မြို့ အထက ပညာရတနာခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က ရေအိမ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီး ဦးမောင်တင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (၄၂၀)



နိုဝင်ဘာ ၂၃ရက်က ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုက ပေးပို့လှူဒါန်းသည့် ငွေကျပ်တစ်သိန်းနှင့် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း လှူဒါန်းသည့် ငွေကျပ်ငါးသောင်း စုစုပေါင်းအလှူငွေကျပ် တစ်သိန်းငါးသောင်းကို ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်သက်က ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးကျော်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (၄၀၃)

## ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

၂၀၀၃ခုနှစ် ရှမ်းပြည်နယ် အမျိုးသမီး အားကစားကော်မတီ နာယကဆုဖလား အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲသို့ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ လွိုင်လင်၊ဆီဆိုင်၊ပင်းတယ၊ရပ်စောက်၊ ဟိုပုံးမြို့နယ်များမှ လက်ရွေးစင်အသင်းများ ယှဉ်ပြိုင်ကြပြီး ကိုးယောက်တွဲ ၁၈ သင်း၊ သုံးယောက်တွဲ ၁၀ သင်းနှင့် တစ်ဦးချင်းအစွမ်းပြ ၁၁ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာနှင့် အမျိုးသမီးအားကစားကော်မတီ နာယကအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ တစ်ဦးချင်း ပြိုင်ပွဲဆုရသူများအား ရှမ်းပြည်နယ် အမျိုးသမီးအားကစားကော်မတီ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်အေးက လည်းကောင်း၊ သုံးယောက်တွဲ ပြိုင်ပွဲ ဆုရသူများအား နာယကအဖွဲ့ဝင် ဒေါ်ကြွယ်စုသင်းက လည်းကောင်း၊ အသင်းလိုက်ပထမဆုရ တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ ဒုတိယဆုရ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ တတိယဆုရ ရပ်စောက်မြို့နယ် အသင်းများအား ရှမ်းပြည်နယ် အမျိုးသမီးအားကစား ကော်မတီ နာယကအဖွဲ့ဝင် ဒေါ်နွယ်နီဝင်းက လည်းကောင်း ဆုငွေနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စတီဖင်ဟော့ကင်း အတ္ထုပ္ပတ္တိ စာအုပ်ထုတ်ဝေ



**ရန်ကုန် နိုဝင်ဘာ ၂၈**

စာရေးဆရာ စိုးစိုး(အင်္ဂပူ)၏ သီအိုရီ ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်း၊ သို့မဟုတ် ရဲရင့်သူတစ်ဦး၏အတ္ထုပ္ပတ္တိစာအုပ်ကို Unity စာအုပ်တိုက် အမှတ် ၃၆၊ အပေါ်ဆုံးထပ် ဟသ်ာတလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၀-၂၀၃၁၈ က ဖြန့်ချိသည်။ **(အပေါ်ပုံ) (က-ပ)**

# အမရပူရမြို့နယ် တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာ စာကြည့်တိုက်အသင်းအတွက် ရုပ်မြင်သံကြားစက်နှင့် စာအုပ်များလှူဒါန်း

**မြစ်ငယ် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ အမရပူရမြို့နယ် တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဖွင့်လှစ်ထားသော ပညာအလင်း စာကြည့်တိုက်အသင်းအတွက် ဆန်ညီအမျိုးအစား ၁၉ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် မဂ္ဂဇင်းစာအုပ်မျိုးစုံ ၂၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ရက်က အဆိုပါ ဘုန်းတော်ကြီးကျောင်း ရွှေဘုန်းပွင့် ဓမ္မာရုံတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်က ရုပ်မြင်သံကြားစက်နှင့် စာအုပ်များ ပေးအပ်လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် တောင်ကြီးမောက်မယ်အသားချောသနပ်ခါးလုပ်ငန်းရှင် ဦးစိုင်းလတ်-ဒေါ်ဝင်းမိသားစုတို့က လှူဒါန်းသော ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် ဈေးချိုတော် စန်းသော်တာစာအုပ်ဆိုင် ဒေါ်သန်းသန်းအေး မိသားစုက လှူဒါန်း သော မဂ္ဂဇင်းစာအုပ်မျိုးစုံ ၂၀၀တို့ကို အလှူရှင်များကိုယ်စား တိုင်းအသင်း အလုပ်အမှုဆောင်က ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထီနှင့် ရပ်မိရပ်ဖများအား ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)** (၂၁၉)





## မဟာဘုံကထိန်ကျင်းပ

**သုံးခွ နိုဝင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ (၁၅)ကြိမ်မြောက်ဌာနပေါင်းစုံနှင့် မြို့ပေါ် ၁၂ ရပ်ကွက်မိသားစု စုပေါင်း မဟာဘုံကထိန်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးရှိသော မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အလှူရှင်များက ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။(၁၃၇)

## အမြို့မြို့ အနယ်နယ် သတင်းများ

## ဆက်ကပ် လှူဒါန်း

**လပွတ္တာမြို့နယ် သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၈ ရက်က သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် အလှူရှင်များက ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။**

**(မြို့နယ်ပြန်/ဆက်)**

## ကျောက်စာဖွင့်ပွဲနှင့်ပူဇော်ပွဲကျင်းပ

**ပေါင်းတည် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့မင်္ဂလာဗျူဟာအသင်းချုပ်မှ ဩဝါဒပါတိမောက် ဓမ္မစေတီတော်ကျောက်စာဖွင့်ပွဲနှင့် ပူဇော်ပွဲကို ပေါင်းတည် မြို့ သကျမုနိမိုယ်းကောင်းဘုရားကြီး ပရိဝုဏ်အတွင်း၌ နိုဝင်ဘာ၁၈ရက်ကကျင်းပရာ ဩဝါဒပါတိမောက် ဓမ္မစေတီကျောက်စာတော်ကို အလှူရှင် ဦးမြအေးသွင်-ဒေါ်ခင်ဝင်းနှင့် မင်္ဂလာဗျူဟာအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီးလှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းကြသည်။ (၃၃၁)

## ယာဉ်စည်းကမ်း လမ်းစည်းကမ်းပညာပေးဟောပြော

**နွားထိုးကြီး နိုဝင်ဘာ ၂၀**

မြင်းခြံ-မန္တလေး ကားလမ်းဘေးဝဲယာရှိ ကျေးလက်ဒေသနေပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာလာစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကာ ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၀ရက်က ထန်းဝှ အုပ်စု၊ ထန်းဇင်(မြောက်)ကျေးရွာ မဏိဇောတိကတိုက်ကျောင်းတွင် ကျင်းပသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်ဖြူက ကျေးလက်ဒေသနေ ပြည်သူများ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများသိရှိလိုက်နာလာပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီ၍ အသိပညာပေးရန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ကူညီဆောင်ရွက်ပေးရန်၊ ယာဉ်တိုက်မှု လျော့နည်းလာစေရန်အတွက် စက်ဘီး၊ ဆိုင်ကယ်များ စနစ်တကျ စည်းကမ်းရှိရှိ စီးနင်းကြရန် ပညာပေး ဆွေးနွေးခဲ့ကြသည်။ (၂၁၃)

## ပေါင်းနုတ်ဆေးဖျန်း

**နိုဝင်ဘာ ၉ ရက်က နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအဖွဲ့ရုံး ပျိုးဥယျာဉ်၌ စိုက်ပျိုးထားသော သီးနှံပင်မျိုးစုံခြံတွင် ပေါင်းနုတ် ဆေးဖျန်းပေးကြစဉ်။ (မြို့နယ်စည်ပင်)**

**နိုဝင်ဘာ ၇ ရက်က သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့ သီကြီးကွင်းကျေးရွာချင်းဆက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။**

**(ခရိုင်ပြန်/ဆက်)**



## ဆုရဝတ်အသင်းဂုဏ်ပြု

**မော်လိုက် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်း ဓမ္မစကြာနှင့်ပရိတ်တရားတော် ရွတ်ဆို ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသော မော်လိုက်မြို့နယ် ကံထူးအထက အမျိုးသမီး ဓမ္မစကြာဝတ်ရွတ်အသင်းအား ဂုဏ်ပြုပွဲကို မော်လိုက် မြို့နယ်ပညာရေးမှူးရုံးခန်းမ၌နိုဝင်ဘာ၂၃ရက်က ကျင်းပရာ မော်လိုက်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး ပထမဆုရရှိသော မော်လိုက်မြို့နယ် ကံထူး အထက အမျိုးသမီး ဓမ္မစကြာဝတ်ရွတ်အသင်းကိုယ်စားမြို့နယ်ပညာရေးမှူးဒေါ်ကြူကြူအား ဂုဏ်ပြု ချီးမြှင့်ငွေပေးအပ်သည်။**(မြို့နယ် ပြန်/ဆက်)**



## ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာများတွင် နယ်လှည့်စာကြည့်တိုက်နှင့်ဟောပြောပွဲကျင်းပ

**ရွှေဘို နိုဝင်ဘာ ၂၂**

ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ၁၉ရက်က ညောင်ပင်သာကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရွှေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်းက နိုင်ငံတော် ဖွံ့ဖြိုးတိုး တက်မှုများနှင့်ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောသည်။ ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများက ပြသထားသော စာအုပ်စာတမ်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်းများကို လေ့လာကြည့်ရှုကြသည်။

အလားတူစာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲများကို လိပ်ချင်း၊ ပန်းရုံ၊ သီးလုံး၊ ဇီးကုန်းလေးနှင့် ဥသျှစ်ကန် ကျေးရွာများတွင်လည်း ဆက်လက်ကျင်းပမည်ဟု သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဗန်းမော်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များပံ့ပိုးပေး

ရန်ကုန် နိုဝင်ဘာ ၂၈

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၅ရက် မွန်းလွဲပိုင်းက မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ကချင်ပြည်နယ် ဗန်းမော်လေဆိပ်သို့ရောက်ရှိရာ ဗန်းမော်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်၌ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီမှ အင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းနှင့် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းထွန်းတို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။**

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်းတောင်ဘက် တိုးချဲ့ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မော်တော်ယာဉ်များဖြင့် လေယာဉ်ပြေးလမ်းတစ်လျှောက် ကြည့်ရှုပြီး လေယာဉ်ပြေးလမ်းမြောက်ဘက် တိုးချဲ့မည့် မြေသားအနေအထားကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဗန်းမော်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းအပ်နှံချက်ဖြင့် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီက တာဝန်ယူ၍ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီ ပြီးစီးရေးအတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာအဖွဲ့နှင့် ညှိနှိုင်းတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နိုဝင်ဘာ ၂၅ရက်က ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ပန်းခြံကုန်းလမ်းမကြီး ကိုယ့်အားကိုယ်ကိုး ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းကို ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)**

## ရွှေဘိုမြို့တွင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရွှေဘိုမြို့ ရွှေဘုံရတနာနန်းတော်ကြီး ပတ်ဝန်းကျင် စည်ပင်သာယာဈေးကြီးအတွင်းအပြင်နှင့်ခရိုင်ပြည်သူ့ဆေးရုံကြီး ပတ်ဝန်းကျင်တို့တွင် ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၁ရက် နံနက်က စုပေါင်းဆောင်ရွက်ကြသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရာတွင် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အသင်းအဖွဲ့ဝင်များ ပါဝင်ကြပြီး ရေဆိုးမြောင်းများဆယ်ခြင်း၊ မြက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**



**ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ကျန်းမာရေးပညာပေး ဗီဒီယိုပြသပွဲနှင့် စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၇ရက်က သာဓုအနောက်ရပ်ကွက် အလက(၂)၌ ကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ချိုချိုလတ်၊ အလက(၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမေနှင့် ရပ်မိရပ်ဖ ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)**

## ဗီဒီယိုနှင့်ပတ်သက်သည့်လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေနှင့်အညီလိုက်နာလုပ်ကိုင်ရန် သတိပေးနှိုးဆော်ချက်

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ဗီဒီယိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်ကြောင်း ဖော်ပြထားပါသည်။

(က) ဗီဒီယိုဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့်အသံကို ဖြစ်စေ ထွက်ပေါ်ခြင်းကိုဆိုသည်။

(ခ) ဗီဒီယိုတိပ်ခွေဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များလည်းပါဝင်သည်။

(ဂ) ဗီဒီယိုလုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်းအမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ "ဥပဒေပုဒ်မ ၃၂ (က) အရ လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထား၍ လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(က) ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း
(ခ) ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း
(ဂ) ဗီဒီယိုတည်းဖြတ်ခြင်းလုပ်ငန်း
(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း
(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်း(လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်းပါ ပါဝင်သည်။)
(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း
(ဆ) ဗီဒီယိုပြသခြင်းလုပ်ငန်း (ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများပါ ပါဝင်ပါသည်။)

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအရ လုပ်ကိုင်သောသူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "ဥပဒေပုဒ်မ ၃၂(ခ)၊ ၃၃ (ခ) အရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" ဖော်ပြထားပြီး ဖြစ်ပါသည်။

(က) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသောကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ အထက်ဖော်ပြပါ တားမြစ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဗီဒီယိုလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့်မသမာမှုများ များပြားလာသည့်အတွက်ကြောင့် ဗီဒီယိုနှင့်ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ကိုင်ရန်နှင့် လိုက်နာလုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ**


**e- Education Learning Centre**

**သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်**

**မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအထိ**

**၁-၁၂-၂၀၀၃ (တနင်္လာနေ့)**

- Competitive Advantage Vs Comparative Advantage
- MPA ၊ **ကျောင်းသူ/ကျောင်းသားများ**
- Impatc of Globalization on Developing Countries
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**
- Health and Economic Development
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**

**၂-၁၂-၂၀၀၃ (အင်္ဂါနေ့)**

- The State Budget
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**
- Human Resource Management
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**
- Economics of the Public Sector
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**

**၃-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)**

- The Role of Statisticts in Public Administration
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**
- Information Technology in Public Administration
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**
- The Nature and Scope of Public Administration
- MPA၊ **ကျောင်းသူ/ကျောင်းသားများ**

**၄-၁၂-၂၀၀၃ (ကြာသပတေးနေ့)**

- **မြန်မာစာ၊ မြန်မာစကား**
- **မြန်မာစာ မဟာဝိဇ္ဇာ/ ဘာသာစကား အထူးပြု ကျောင်းသူ/ကျောင်းသားများ**
- Pyu Civilization
- **သမိုင်းအထူးပြု ဘွဲ့ကြိုကျောင်းသူ/ ကျောင်းသားများ**

**၅-၁၂-၂၀၀၃ (သောကြာနေ့)**

- Geographic Discipline Environmental Studies
- Undergraduate & Postgraduate Students pursuing Environmental Studies
- The Scope of Philosophy
- **ဘွဲ့ကြိုဒဿနိကဗေဒ အထူးပြုကျောင်းသူ/ ကျောင်းသားများ**
- **နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီထိ**

**၆-၁၂-၂၀၀၃ (စနေနေ့)**

- အဝေးသင်တက္ကသိုလ်ကျောင်းသူ/ကျောင်းသားများအတွက် သင်ခန်းစာများ

**၇-၁၂-၂၀၀၃(တနင်္ဂနွေနေ့)**

- အဝေးသင်တက္ကသိုလ်ကျောင်းသူ/ ကျောင်းသားများအတွက် သင်ခန်းစာများ



**ဆွေးနွေးမှာကြား**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘောဒီးယား–လာအို–မြန်မာ–ထိုင်း လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။

**(သတင်းစဉ်)**

# မဟာဗျူဟာတွင်ပါဝင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ နယ်စပ်ဒေသများ၌အကောင်အထည်ဖော်ရန်ဦးစားပေးထား စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းသောနယ်စပ်ဒေသများဖြစ်ပေါ်လာရေးအထောက်အကူပြု သက်ဆိုင်ရာနိုင်ငံများအကြား ပေါ်ပေါက်တတ်သည့် နယ်စပ်ပြဿနာများလည်းလျော့နည်းသွားမည်

## ကမ္ဘောဒီးယား–လာအို–မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအကောင်အထည်ဖော်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၈

**ကမ္ဘောဒီးယား–လာအို–မြန်မာ–ထိုင်း လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# ငွေကြေးဆိုင်ရာလုပ်ငန်းအဖွဲ့က မြန်မာနိုင်ငံ၏အပြုသဘောလုပ်ဆောင်ချက်များကိုမျက်ကွယ်ပြု ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံရှိပုဂ္ဂလိကဘဏ်နှစ်ခုအပေါ် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက အရေးယူမှုပြုလုပ်ရန်စီစဉ်နေခြင်းသည် တရားမျှတမှုမရှိသည့်အပြင် အမြော်အမြင်မရှိသည့်လုပ်ရပ်သာဖြစ်သည်ဟုရှုမြင်

ရန်ကုန် နိုဝင်ဘာ ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံရှိပုဂ္ဂလိကဘဏ်နှစ်ခုအပေါ် တရားမဝင်သောငွေကြေးများကို တရားဝင်စေရန်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အဓိကစိုးရိမ်ဖွယ်အဖြစ်သတ်မှတ်ပြီး အမေရိကန်ပြည်ထောင်စု၏ USA °PATRIOT °ACTအရ အရေးယူမှုများပြုလုပ်မည်ဟု အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။**

ယင်းသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**သတင်းထုတ်ပြန်ချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်နှစ်ခုအပေါ် တရားမဝင်သောငွေကြေးများကို တရားဝင်စေရန်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အဓိကစိုးရိမ်ဖွယ်အဖြစ်သတ်မှတ်ပြီး အမေရိကန်ပြည်ထောင်စု၏ USA PATRIOT ACTအခန်း(၃၁၁)အရ အရေးယူမှုများပြုလုပ်မည်ဟု အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက *စာမျက်နှာ ၈ ကော်လံ ၃* ■

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကြာငါးခိုင်**

(၁၀)နှစ်ပြည့် အထိမ်းအမှတ် ပန်းမန်ပြပွဲတွင် ပါဝင် ယှဉ်ပြိုင်ပြသမည့် တင့်တယ်လှပ ကြာငါးခိုင်၏အလှ။

(ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း))



# ဆန်းသစ်စွာပြသသွားမည့် (၁၀)နှစ်ပြည့်ပန်းမန်ပြပွဲ

**သတင်းဆောင်းပါး–ဝင်းရွှေ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရ၍ ပြပွဲပြိုင်ပွဲအကြို ညှိနှိုင်းမှုအစီအစဉ်နှင့် အသင်းလှုပ်ရှားဆောင်ရွက်မှုကိုသိရှိနိုင်ရန် မြန်မာ့အလင်းအဖွဲ့က တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❐

**ယနေ့ထုတ်ဆောင်ရေ ၂၀၁၇၈၁**